ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့၊(5-7-2010) (၆၄၅၀)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး

တနိုင်းနှင့် ဖားကန့်မြို့နယ်များ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁ ရက်တွင် တနိုင်းမြို့နယ် (၅)မိုင်၌ ကျင်းပသည့် မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး တနိုင်းမြို့နယ် မိုးစပါးစုပေါင်း ထွန်ယက်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ အားကစား သတင်း အညွှန်း

မြန်မာနှင့် စင်ကာပူ ခြေစမ်းပွဲ

မြန်မာ့လက်ရွေးစင်အသင်းက စင်ကာပူလူငယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်

သတင်း - စာမျက်နှာ (၁၂)

ကမ္ဘာ့ဖလားဘောလုံးပွဲ

ဒေးဗစ်ဗီလာ၏တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် စပိန်အသင်း နှစ်(၆၀)အတွင်း ပထမဦးဆုံးအကြိမ် ဆီမီးဖိုင်နယ်တက်



သတင်း - စာမျက်နှာ (၁၂)

ငါးသယံဇာတ ပြုန်းတီးပျောက်ကွယ်မှုမရှိဖို့ ဝိုင်းဝန်းလိုက်နာဆောင်ရွက်စို့

သတင်းဆောင်းပါး - ရဲဝင်းဆောင်(ကြေးမုံ) ဓာတ်ပုံ - ငါးလုပ်ငန်းဦးစီးဌာန	အဆင်အပြင် မင်းမင်း

သဘာဝရေပြင်အတွင်း နေထိုင်ကျက်စားကြသည့် ငါးအများစုသည် ယခုလို မိုးဦးကာလတွင် သားပေါက်ခြင်းအမှုကို ပြုတတ်ကြပြီး ၎င်း၏ နောက်ဆက်တွဲရလဒ်သည် သန်းပေါင်းများစွာသော ငါးသန်လေးများကို သဘာဝရေပြင်အတွင်း ဖြစ်ထွန်းတိုးပွားလာစေခြင်းဖြစ်သည်။ ထိုအချိန်မျိုး၌ သဘာဝရေပြင်အတွင်း ငါးဖမ်းဆီးခြင်းသည် နောင်အနာဂတ် ငါးသယံဇာတကို ပြုန်းတီးစေရန် ပြုမူလုပ်ဆောင်ခြင်းဖြစ်သည်။

ယင်းကာလသည် သဘာဝရေပြင်အတွင်းရှိ ငါးသယံဇာတတို့အတွက် လွန်စွာအရေးကြီးသော အချိန်ကာလတစ်ခုဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ ထို့ကြောင့်ပင် "ငါးရစ်ငါးသန်၊ ဘေးမဲ့ချန်၊ ပုံမှန်စားသုံး၊ မျိုးမသုဉ်း"ဟူသော ငါးသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာဆောင်ပုဒ်တို့ကို ယခုလို မိုးဦးကာလများတွင် သတင်းစာ စာမျက်နှာများပေါ်၌ တွေ့မြင်ကြရခြင်းဖြစ်သည်။ ငါးသယံဇာတပြုန်းတီးမှုမရှိစေရေး အများပြည်သူတို့အနေဖြင့် တာဝန်သိတတ်သော အသိစိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ်ခြင်းကို ပြုလုပ်နိုင်ရန်နှင့် ဖမ်းဆီးရောင်းဝယ်မှု မပြုကြစေရန် လှုံ့ဆော်ပေးခြင်းဖြစ်သည်။ မီဒီယာအားဖြင့် ဆော်ဩမှုပြုခြင်းလည်းဖြစ်သည်။

ငါးရစ်ငါးသန်ကာလ(မေ၊ ဇွန်၊ ဇူလိုင်လများ)တွင်မှ ငါးဖမ်းဆီးခြင်းကို တမင်လုပ်ဆောင်တတ်ကြသည့် မတော်လောဘ ရှိသူတို့လည်း ရှိနေတတ်ကြသည်။ ၎င်းတို့သည် ငါးရစ်ငါးအထီးနှင့် အမများကျက်စားနေထိုင်ရာ နေရာများကို လေ့လာစောင့်၍ ဖမ်းဆီးရောင်းဝယ်မှုများကို ပြုတတ်ကြသည်။

အနာဂတ် ငါးသယံဇာတအတွက် အရေးပါသည့် ယခုလိုမိုးဦးကာလ (ငါးရစ်ငါးသန်ကာလ)တွင် မတော်လောဘရှိသူတို့ ဖမ်းဆီးခြင်းကို ဟန့်တားနိုင်ရန်နှင့် သဘာဝရေပြင်အတွင်း စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

စနစ်တကျ ဖမ်းဆီးထားသော ငါးများကို သန့်စင်အပြီး တွေ့ရစဉ်။

ကြေးမုံ The Mirror

၅-၇-၂၀၁၀
(တနင်္လာနေ့)

ကုန်စည်ပို့ဆောင် ရောင်းဝယ်မှု ဖွံ့ဖြိုးစေရေး ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးဖြစ်သည်။ ဒေသတစ်ခုနှင့် တစ်ခုအကြား ကူးလူးဆက်သွယ်သွားလာမှု လွယ်ကူခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည်။ တိုင်းရင်းသားလူမျိုးအချင်းချင်း ထိတွေ့ဆက်ဆံမှု ပိုမိုများပြားလာမည်။ ရင်းနှီးချစ်ခင် စည်းလုံးညီညွတ်မှုလည်း ပိုမိုခိုင်မာရရှိလာမည်ဖြစ်သည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ရေ၊ မြေ ရာသီဥတုကောင်းမွန်သည်။ သဘာဝသယံဇာတကြွယ်ဝသည်။ အဓိကသီးနှံ ဆန်စပါးနှင့် အခြားသီးနှံစုံ စိုက်ပျိုးဖြစ်ထွန်းသည်။ ယခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါး ဧက ၃၇ သိန်းကျော် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းစိုက်ပျိုးနေကြပြီ။ ဒေသခံတောင်သူများအတွက် စိုက်ပျိုးစရိတ်များ ပံ့ပိုးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်နေကြပြီ။

တောင်သူလယ်သမားများနှင့် သက်ဆိုင်ရာဌာနတို့ ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းလုပ်ကိုင်နိုင်ရေး ကြိုးပမ်းနေကြပြီ။ စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရာတွင် အထွက်တိုးမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ ခေတ်မီစိုက်ပျိုးရေးစနစ် အသုံးပြုရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးလုပ်ငန်းများ ပါဝင်သည်။ ထို့အပြင် အဆိုပါဒေသသည် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသောဒေသဖြစ်ရာ စိုက်ပျိုးသီးနှံအလိုက် စိုက်ဧကစာရင်းဇယားများ မှန်ကန်စွာကောက်ယူရေး အလေးထားလုပ်ဆောင်ကြရမည် ဖြစ်သည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ဆန်စပါးနှင့် သား၊ ငါး၊ ဆားစသည့် ထွက်ကုန်များ ပေါများစွာထွက်ရှိသည်။ ရန်ကုန်မြို့နှင့် အခြားဒေသများရှိ ဈေးကွက်များသို့ ဒေသထွက်ကုန်များ စရိတ်စကသက်သာစွာ တင်ပို့နိုင်ရေးအတွက် ပုသိမ်-ရန်ကုန် ရထားလမ်းကို ဖောက်လုပ်နေပြီ။ ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန် ရထားလမ်းသည် ၈၉ မိုင်ရှည်သည်။ အဆိုပါ ရထားလမ်းမကြီး၏ ပြီးစီးသည့် လမ်းပိုင်းများကို မကြာမီ ဖွင့်လှစ်သွားမည် ဖြစ်သည်။

ပုသိမ်-ရန်ကုန် ရထားလမ်းသည် ပုသိမ်၊ ကန်ကြီးထောင့်၊ ကျောင်းကုန်း၊ အိမ်မဲ၊ ပန်းတနော်၊ ညောင်တုန်းနှင့် လှိုင်သာယာမြို့နယ်တို့ကို ဆက်သွယ်ဖြတ်သန်း ဖောက်လုပ်လျက်ရှိသည့် ရထားလမ်းပိုင်းတစ်ခုလုံး ပြီးစီးပါက ဧရာဝတီတိုင်းမှ လယ်ယာထွက်ကုန်များနှင့် ရေထွက်ပစ္စည်းများ ဈေးကွက်အရောက် စရိတ်စက သက်သာစွာဖြင့် တင်ပို့ရောင်းဝယ်နိုင်ကြမည်ဖြစ်သည်။

ရထားပို့ဆောင်ရေးလုပ်ငန်းသည် ခရီးသည်နှင့် ကုန်စည်အများအပြားကို အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးနိုင်သည်။ ဧရာဝတီတိုင်းအပါအဝင် ရထားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိရာ နိုင်ငံအနှံ့အပြားရှိ ပြည်သူများ၏ ခရီးသွားလာမှုနှင့် စီးပွားကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနေပြီ ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့မီးရထား နေပြည်တော်ဘူတာကြီး ဥပစာရှေ့၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးအောင်မင်းက ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အထိမ်းအမှတ်အဖြစ် စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဝန်ထမ်းများ မိုးရာသီသစ်ပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် ကုန်းလမ်းပို့ဆောင်ရေး (နေပြည်တော်)ရှိ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်)ရှိ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက အထိမ်းအမှတ် ခရေပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ စက္ကူပန်းနှင့် စိန်ပန်းပင် အပင် ၂၅၀၊ မြန်မာ့မီးရထား နေပြည်တော် ဘူတာကြီး၌ စိန်တလုံးသရက် အပင် ၁၅၀၀၊ ကုန်းလမ်းပို့ဆောင်ရေး (နေပြည်တော်)၌ ကွမ်းသီး၊အုန်း၊ စိန်တလုံး၊ ခရေ၊ ကံ့ကော်အစရှိသည့် အပင်ပေါင်း ၁၅၆၈ ပင်နှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်)၌ ခရေ၊ သရဖီ၊ ရေတမာ၊ စိန်ပန်းနှင့် ဆီသပြေ အစရှိသည့် အပင်ပေါင်း ၇၀၀ တို့ကို စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး အသိပညာပေး ဟောပြော

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း မြတ်ပန်းမဥ္ဇူခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ခန့်စည်သူ **(အပေါ်ပုံ)** နှင့် သရုပ်ဆောင် ခိုင်သင်းကြည်တို့က မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ကျောင်းသားလူငယ်များ ငယ်စဉ်ကပင် သန့်ရှင်းရေး၊ စည်းကမ်းရှိစေရေး အကြောင်းတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးခင်မောင်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းလိုက်နာရေး အကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေး ဟောပြောကြသည်။

ထို့နောက် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဖွံ့ဖြိုးသန့်ရှင်းရေးအတွက် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ငွေကျပ် ငါးသောင်းနှင့် သရုပ်ဆောင်အကယ်ဒမီ ခန့်စည်သူက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟန်းမြို့နယ် ပညာရေးမှူး ဒေါ်မြင့်ကြည်က လက်ခံပြီး ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီက ဟောပြောပွဲသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဘောက်ထော်အနီးယာလမ်းနေ ကွယ်လွန်သူ ဒေါ်ခင်ကြည် အားရည်စူး၍ ဘိုးဘွားသောက်သုံးရေကန်အတွက် ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပေးအပ်ချီးမြှင့်

ကမာရွတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် အဖွဲ့ဝင်များ၏ သား၊ သမီးများနှင့် အဖွဲ့ဝင်များအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်းနှင့် အဖွဲ့ဝင်များအား ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၂၇ ရက် နံနက်ပိုင်းက ကျင်းပရာ စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးမြင့်သန်း (ငြိမ်း) ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ချီးမြှင့်စဉ်။

(မြို့နယ်စစ်မှုထမ်းဟောင်း)

လှိုင်သာယာမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ၏ ဦးဆောင်ပံ့ပိုးမှု၊ လှိုင်သာယာမြို့နယ် ကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာယဉ်သန္တာလွင်၊ အမျိုးသားခုခံကျ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ ဆရာဝန်ကြီးများ၊ ရန်ကုန်တိုင်း တီဘီဆရာဝန်ကြီး၊ တိုင်းအနာကြီးရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီး၊ လှိုင်သာယာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အခြေခံ ကျန်းမာရေးဝန်ထမ်းများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ လှိုင်သာယာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ ပူးပေါင်း၍ နာတာရှည်ရောဂါဝေဒနာရှင်များအတွက် ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းကို ဇွန် ၂၄ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပရာ သက်ဆိုင်ရာရောဂါအလိုက် ဆရာဝန်ကြီးများက ပညာပေးဟောပြောကြသည်။

အထက်ပါ ပူးပေါင်းအဖွဲ့သည် လှိုင်သာယာမြို့နယ် အမှတ်(၂)နှင့် အမှတ်(၃) ရပ်ကွက်များရှိ နာတာရှည်ဝေဒနာရှင် ၁၀ ဦးတို့ကို အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ အာဟာရများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (ကြေးမုံ)

သင့်သွေးဖြင့် အသက်ကယ်ပါ

☆ကာကွယ်ရေးမှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တနိုင်းမြို့နယ် မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဒေသ၏ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာများကို မေးမြန်း၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဆင်းဧကရီ(၃) ပျိုးပင်များကို စုပေါင်းပျိုးထောင် စိုက်ပျိုးနေမှုနှင့် စုပေါင်းထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် တာဝန်ရှိသူတို့က စုပေါင်းထွန်ယက်စိုက်ပျိုးမည့် လယ်ယာမြေဧကနှင့် သီးနှံစိုက်ပျိုး ထုတ်လုပ်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကာ စုပေါင်းထွန်ယက်စိုက်ပျိုးနေကြသည့် ကောက်စိုက်သမများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ယင်းနောက် မြစ်ကြီးနား-တနိုင်းလမ်းပိုင်းရှိ လမ်းတံတားများကြံ့ခိုင်ကောင်းမွန်မှု၊ မိုးစပါး ထွန်ယက်စိုက်ပျိုးနေမှု၊ လမ်းဘေး ဝဲ၊ ယာတစ်လျှောက် ကျေးရွာများဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးပြီး ဖားကန့်မြို့နယ် ရှုဒူဇွပ်ကျေးရွာ၌ ကျေးရွာ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မေးမြန်းဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဖားကန့်မြို့နယ် မြစ်ကြီးနား - တနိုင်းကားလမ်းဘေး ဝဲ၊ ယာ တစ်လျှောက်ရှိ အောင်မြင်ဖြစ်ထွန်းနေသည့် ပီလောပီနံစိုက်ခင်းများ၊ စိုက်ပျိုးရေး အခြေခံစက်ရုံများ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပင်မ ရှင်းလင်းဆောင်၌ ယုဇနဘက်စုံစိုက်ပျိုးရေး ကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာနှင့် တာဝန်ရှိသူများက စိုက်ပျိုးဖြစ်ထွန်းနေသည့် ပီလောပီနံပင်နမူနာများနှင့် စပါးမျိုးကောင်းမျိုးသန့်များကို ဒေသမျိုးဖြင့် ပေါင်းစပ်စမ်းသပ်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ပီလောပီနံကော်မှုန့်ထုတ်စက်ရုံ၌ ပီလောပီနံကြိတ်စက်၊ Hydrocyclone Room၊ Control Room၊ Exetractor Room၊ ကော်မှုန့်အခြောက်ခံစက်၊ ထုပ်ပိုးစက်များ တပ်ဆင်နေမှုနှင့် စက်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ လျှပ်စစ်ဓာတ်အား Power House တည်ဆောက်နေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဖားကန့်မြို့နယ် နောင်းမြီးကျေးရွာအနီးရှိ ပီလောပီနံစိုက်ခင်းမှ ပီလောပီနံဥများ တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်ရှိ ပီလောပီနံ၊ ကြံနှင့် အခြားသီးနှံစိုက်ပျိုးပြီးစီးမှု၊ လမ်းများ၊ ဈေး၊ (၁၆)ခုတင်ဆံ့ ဆေးရုံနှင့် စာသင်ကျောင်းတို့ တည်ဆောက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကံ့ကော်ဆောင် တိုးချဲ့တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးမှု အခြေအနေတို့ကို ရင်းရင်းနှီးနှီး မေးမြန်းဖြည့်ဆည်းပေးကာ ဆရာ၊ ဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ညနေပိုင်းတွင် ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာရှိ ဒွန်ဘန်အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးက အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် သိုးမွေးစက်ဆွဲသင်တန်းတို့၌ ဒေသခံတိုင်းရင်းသူများ တက်ရောက်သင်ကြားနေမှုနှင့် သင်တန်းသူများ ထုတ်လုပ်ထားသည့် လက်မှုပညာပစ္စည်းများကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဆရာ၊ ဆရာမများနှင့် သင်တန်းသူများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်၍ သင်တန်းသူတစ်ဦးက အမှတ်တရ လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ထို့နောက် မြစ်ကြီးနား-တနိုင်းလမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ ဖားကန့်မြို့နယ် လဝါးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာဥက္ကဋ္ဌနှင့် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မေးမြန်းဖြည့်ဆည်းပေးပြီး ကျေးလက်ကျန်းမာရေးဌာနအတွင်း ဆေးဝါးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○ ရွှေဖုံးမှ

ငါးသယံဇာတပြုန်းတီးမှု မဖြစ်စေရန် ငါးလုပ်ငန်းဦးစီး ဌာနအနေဖြင့် အသိပေးကြေညာချက်များ ထုတ်ပြန်ခြင်း၊ အများပြည်သူအသိဗဟုသုတရရှိစေရန် ပညာပေးလုပ်ငန်းများကို အခါအားလျော်စွာလုပ်ဆောင်ပေးခြင်းတို့အပြင် ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူခြင်းများကိုလည်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထိုသို့ လုပ်ဆောင်မှုနှင့်ပတ်သက်ပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းသိန်းဦးက "မိုးဦးကျကာလတွေမှာ ငါးရစ်ငါးတွေနဲ့ ပေါက်ဖွားပြီးတဲ့ ငါးသန်တွေ ဖမ်းလိုက်မယ်ဆိုရင် ထောင်ပေါင်းများစွာသော မျိုးငါးအထီး၊ အမများနဲ့ သန်းပေါင်းများစွာသော ငါးသန်များ ဆုံးရှုံးနိုင်တယ်။ နောင်အနာဂတ် ကာလမှာ ငါးကြီးတွေဖြစ်နိုင်ခြေရှိတဲ့ ငါးသန်တွေ ဆုံးရှုံးသွားခြင်းသည် ငါးသယံဇာတကို ထိခိုက်နိုင်ဖွယ်ဖြစ်တဲ့အတွက် ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ-၃၄(ဃ)အရ တားမြစ်ထားသော အရွယ်အစားနှင့် တားမြစ်ထားသောအချိန်ကာလတွင် ငါးဖမ်းဆီးခြင်းပြုတဲ့သူတွေကို ဥပဒေအရ အရေးယူပါမယ်ဆိုပြီး ပြဋ္ဌာန်းထားတယ်။ သူ့ရဲ့ပြစ်ဒဏ်ကတော့ ငွေကျပ် သုံးသောင်းဖြစ်စေ၊ ထောင်ဒဏ် သုံးနှစ်ဖြစ်စေပေ့ါ။ ပညာပေးကာလမှာတော့ ငွေဒဏ် သတ်မှတ်တယ်။ အဲဒါကိုမှ ထပ်ကာထပ်ကာ ကျူးလွန်လာမယ်ဆိုရင်တော့ ထောင်ဒဏ်အထိ အပြစ်ပေးတဲ့ သာဓကတွေလည်း ရှိပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

သဘာဝ မြစ်ချောင်းများ အတွင်းရှိ ငါးသယံဇာတများ ပြုန်းတီးလျော့နည်းမသွားစေရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့်အတူ ပူးပေါင်းပါဝင်လုပ်ဆောင်လျက်ရှိသည်။ ထိုသို့ပူးပေါင်းလုပ်ဆောင်မှုနှင့်ပတ်သက်၍ ဦးဝင်းသိန်းဦးက "ငါးသယံဇာတ ထိန်းသိမ်းကာကွယ်ဖို့ကနယ်အနှံ့မှာ အင်းသူကြီးတွေခေါင်းဆောင်ပြီး ငါးသယံဇာတထိန်းသိမ်းကာကွယ်ရေးအဖွဲ့ဆိုပြီး ဖွဲ့စည်းပြီးတော့ ဒီလိုငါးရစ်ငါးသန်ဖမ်းဆီးမှုကို တားဆီးတဲ့ကာလမှာ သူတို့တွေကလည်း ဝိုင်းဝန်းပါဝင် ထိန်းသိမ်းစောင့်ရှောက်ကြတယ်။ အဲဒီမှာ ၁၀ ယောက်ပါတဲ့အဖွဲ့ရှိသလို ၁၅ ယောက်ပါဝင်တဲ့အဖွဲ့တွေလည်း ရှိတယ်။ အဲဒီလိုလုပ်တဲ့အတွက် ငါးသယံဇာတ ထိန်းသိမ်းမှုအပိုင်းမှာ များစွာထိရောက်မှုရှိပါတယ်" ဟု သုံးသပ်ပြောကြားသည်။

ယင်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးဝင်းကြိုင်က"မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်မှာ ငါးသယံဇာတနဲ့ပတ်သက်ပြီး တိုက်ရိုက်ပတ်သက်နေတဲ့အသင်းတွေ ငါးခုလောက်ရှိတယ်။ ပင်လယ်ပြင် ငါးသယံဇာတနဲ့ပတ်သက်ရင် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းက တိုက်ရိုက်ပတ်သက်နေတယ်။ ကုန်းတွင်း အင်းအိုင်ငါးထုတ်လုပ်မှု လုပ်ငန်းတွေနဲ့ပတ်သက်ရင် မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်းက တိုက်ရိုက်ပတ်သက်နေတယ်။ နောက် ကဏန်းလုပ်ငန်းရှင်များအသင်းနဲ့ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းတို့ကလည်း အပြင်မှာသဘာဝအတိုင်းရှိနေတဲ့ ကဏန်းနဲ့ ငါးရှဉ့်တွေကို နည်းမျိုးစုံနဲ့ဖမ်းပြီးတော့ အရောင်းအဝယ်လုပ်တာဖြစ်တဲ့အတွက် သူတို့လည်း သဘာဝငါးသယံဇာတနဲ့ တိုက်ရိုက်ပတ်သက်နေတယ်။ နောက် အလှမွေးငါးလုပ်ငန်းရှင်များအသင်းကလည်း ထိုနည်းလည်းကောင်းပဲ။ မြန်မာနိုင်ငံရဲ့ ချောင်းတွေ၊ မြောင်းတွေက စုဆောင်းရရှိတဲ့ မျိုးတွေကို ပြည်ပကိုပို့တာတွေ လုပ်နေတာဖြစ်တဲ့အတွက် ငါးသယံဇာတထိန်းသိမ်းရေးနဲ့ဆက်စပ်နေတယ်။ ဒီအသင်း ငါးသင်းဟာ ငါးသယံဇာတ အရင်းအမြစ်နဲ့ တိုက်ရိုက်ထိတွေ့ဆက်စပ်နေတဲ့ အသင်းတွေဖြစ်တယ်။ ဒါပေမယ့် ငါးသယံဇာတ ထိန်းသိမ်းရေးကတော့ ဒီက အသင်းအားလုံးမှာလည်း တာဝန်ရှိပါတယ်"ဟု သုံးသပ်ပြောကြားသည်။

ငါးသယံဇာတများပြုန်းတီးရှားပါးခြင်း မဖြစ်ပေါ်စေရေးအတွက် သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးစဉ်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အနေဖြင့် ငါးသယံဇာတထိန်းသိမ်းရာတွင် သဘာဝရေပြင်အတွင်းရှိ ငါးများအပြင် ကဏန်း၊ ငါးရှဉ့် ကဲ့သို့သော ရေသတ္တဝါများကိုလည်း မျိုးထိန်းသိမ်းခြင်း၊ သယံဇာတထိန်းသိမ်းခြင်းများ လုပ်ဆောင်ကြောင်း၊ သတ်မှတ်တားမြစ်ထားသည့် အလေးချိန်မပြည့်မီသော ငါးရှဉ့်၊ ကဏန်းများကို ဖမ်းဆီးခြင်း၊ တင်ပို့ရောင်းဝယ်ခြင်းမပြုရန်နှင့် ထိန်းသိမ်းလိုက်နာကြရန်၊ အလှမွေးငါး စုဆောင်းဖမ်းဆီးသူများကိုလည်း လိုင်စင်များ ချထားပေးပြီး အလွန်အကျွံဖမ်းဆီးခြင်းများ မပြုရန်နှင့် ယခုလိုငါးရစ်ငါးသန်ကာလတွင် ဖမ်းဆီးခြင်းမပြုရန်စသည့် အသိပေးလှုံ့ဆော်မှုများကိုလည်း ငါးလုပ်ငန်းဦးစီးဌာနနှင့်အတူ လက်တွဲပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ပြည်သူများ ဈေးကြီးပေး၍ နှစ်ခြိုက်စွာ စားသုံးခြင်းနှင့်ပတ်သက်၍ ဦးဝင်းသိန်းဦးက "ပြည်သူတွေက ငါးဥနဲ့ ငါးရစ်ငါးတွေကို ကြိုက်ကြတယ်ဆိုတာက နောင်သုံးလေးငါးနှစ်အတွင်းမှာ ငါးသယံဇာတဟာ ရှားပါးတော့မယ်ဆိုတာကို ပြတာ။ ဒါလေးတွေကို သိကြဖို့လိုတယ်။ ငါးဥကို စားတာဟာ တစ်နပ်အတွက်တော့ ကောင်းတယ်၊ ကျွန်တော်ဆိုရင် ငါးဥကို ဘယ်တော့မှ မစားဘူး၊ ကိုယ်စောင့်ရှောက်နိုင်သလောက် စောင့်ရှောက်တာဖြစ်တယ်"ဟု ပြောသည်။

ယခုနှစ် ငါးရစ်ငါးသန်ကာလ ငါးပေါက်ဖွားမှုနှင့်ပတ်သက်၍ ဦးဝင်းကြိုင်က "ဒီနှစ်ကိုကြည့်ရင် မိုးရွာသွန်းမှု နောက်ကျခဲ့တဲ့အတွက် ပေါက်သင့်သလောက်တော့ ပေါက်ခဲ့တယ်။ဒါပေမယ့် ငါးအစုံနဲ့ များများစားစား ပေါက်နိုင်တဲ့အခြေအနေအားနည်းခဲ့တယ်။ ရှေ့မှာတော့ မိုးလယ်ကာလမှာ ငါးနေငါးထိုင်ကွင်းထဲကို ရေရောက်ပြီး ငါးလေးတွေ ရှင်သန်ပေါက်ဖွားမှု အခြေအနေ ချောချောမွေ့မွေ့ဖြစ်မလားဆိုတာ စောင့်ကြည့်ရမယ်။ ဧရာဝတီမြစ်ထဲက တိုင်းရင်းငါးအုပ်စုတွေဖြစ်တဲ့ ငါးကြင်း၊ ငါးသိုင်း၊ ငါးမြစ်ချင်းတို့ရဲ့ပေါက်ဖွားမှု နောက်ကျတယ်။ အရင်နှစ်တွေနဲ့နှိုင်းယှဉ်ရင် ပေါက်နှုန်းလည်း နည်းခဲ့တယ်။ အဲဒါက ရာသီဥတုဖြစ်စဉ်ရဲ့လွှမ်းမိုးမှုပေ့ါ"ဟု ရာသီဥတုနှင့်ယှဉ်၍ ဖြစ်ပေါ်လာမှုကို ရှင်းပြသည်။

ထိုသို့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့်လည်းကောင်း၊ လူတို့၏ ပယောဂကြောင့် လည်းကောင်း သဘာဝရေပြင်အတွင်းရှိ ငါးသယံဇာတများ လျော့နည်းကျဆင်းလာတတ်သည်ဖြစ်ရာ ပြည်သူတို့၏ စားနပ်ရိက္ခာဖြစ်သည့် ငါးသယံဇာတ ပြုန်းတီးရှားပါးခြင်း မဖြစ်ပေါ်စေရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနက အဓိကတာဝန်ယူ၍ သဘာဝရေပြင်အတွင်းသို့ နှစ်စဉ်ငါးမျိုးစိုက်ထည့်ခြင်းများကိုလည်း ပြုလုပ်ပေးလျက်ရှိသည်။ ထိုသို့ ငါးမျိုးစိုက်ထည့်မှုနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူး ဦးဝင်းသိန်းဦးက "ကျွန်တော်တို့ ငါးလုပ်ငန်းဦးစီးဌာနကနေ သဘာဝထဲကို စိုက်ထည့်ပေးတဲ့ ငါး ၁၃ မျိုးရှိတယ်။ အဲဒီ ၁၃ မျိုးထဲကနေ နှစ်စဉ် သိန်းနဲ့ သန်းနဲ့ ချီပြီး စိုက်ထည့်ပေးတာဖြစ်တယ်။ ခုလိုမျိုးစိုက်ထည့်ပေးတယ်ဆိုတာ ပြည်သူလူထု စားနပ်ရိက္ခာအတွက် သဘာဝသယံဇာတ၊ ရေသယံဇာတပေါများနေဖို့အတွက်၊ ပြည်သူတို့ရဲ့ စားနပ်ရိက္ခာကို တစ်ဖက်တစ်လမ်းက ထောက်ကူပြုမယ်ဆိုပြီး ဒီလိုလုပ်ပြီး စိုက်ထည့်ပေးတာဖြစ်တယ်"ဟု ပြောကြားသည်။

ငါးသယံဇာတသည် ပြန်လည်ဖြည့်စွမ်းပေးနိုင်မှုမြင့်မားသည့် သယံဇာတဖြစ်ရာ ပြည်သူလူထုအနေဖြင့် ငါးလုပ်ငန်းနှင့်ပတ်သက်သည့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းဥပဒေများကို လိုက်နာခြင်း၊ တားမြစ်ထားသည့် နည်းလမ်းများဖြင့် ငါးဖမ်းဆီးခြင်းတို့ကို ရှောင်ရှားခြင်းဖြင့် မိမိတို့၏ ဟင်းခွက်များကို နေ့စဉ်ဖြည့်ဆည်းပေးမည့် သယံဇာတတစ်ခုအဖြစ် ရေရှည်တည်တံ့နေမည်ဖြစ်ကြောင်း၊ ပြည်သူတို့အသိသတိရှိစွာဖြင့် လုပ်ဆောင်လာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်အတွင်းရှိ ငါးသယံဇာတများ ထိန်းသိမ်းခြင်းသည်လည်း အောင်မြင်မှုရရှိလာမည်ဖြစ်ကြောင်း ဦးဝင်းသိန်းဦးက ထပ်မံပြောကြားသည်။

ထိုသို့ သက်ဆိုင်ရာဌာနများက လုပ်ဆောင်လျက်ရှိသော်လည်း ငါးဖမ်းဆီးသူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းဥပဒေများကို မလိုက်နာခြင်း၊ တားမြစ်ထားသည့် နည်းလမ်းများဖြင့် ငါးဖမ်းဆီးခြင်း၊ ယခုလို မိုးဦးကာလ ငါးရစ်ငါးသန်အချိန်တွင် ငါးဖမ်းဆီးခြင်းတို့ဖြင့် မိမိတို့ တစ်ဦးတစ်ယောက် ကောင်းစားရေးအတွက်သာ ရည်ရွယ်လုပ်ဆောင်နေမည်ဆိုပါက သဘာဝရေပြင်အတွင်းရှိ ငါးသယံဇာတများသည်လည်း တဖြည်းဖြည်း လျော့နည်းရှားပါးလာရာမှ နောက်ပိုင်းတွင် ပြုန်းတီးပျောက်ကွယ်မှုများနှင့်ပင် ရင်ဆိုင်ကြုံတွေ့ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

အင်း၊ အိုင်များမှ ဖော်ထုတ်ထားသော ငါးများကို သန့်စင်မှုများ ပြုလုပ်ကြစဉ်။

ဇွန် ၂၃ ရက်က ရန်ကုန်တိုင်း လှည်းကူးမြို့နယ် သရက်ချောင်းကျေးရွာ မူလတန်းကျောင်းတွင် အာဟာရကျွေးမွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲကို အဆိုပါကျောင်း၌ ကျင်းပရာ အလှူရှင် အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါ်တာဗိုလ်သိမ်းကိ တောင်တွင်းကြီး) မိသားစုက ကျောင်းသား၊ ကျောင်းသူများအတွက် စာအုပ်၊ ခဲတံများနှင့် ကျောင်းစာကြည့်တိုက်အတွက် နေလဝါနယ်စာစောင်များ လှူဒါန်းစဉ်။ (ကြေးမုံ)

သန်လျင်မြို့နေပြည်သူများ သန့်ရှင်းလတ်ဆတ်သောအသားများ ဝယ်ယူစားသောက်နိုင်ရေးအတွက် အဖွဲ့ပိုင်သားသတ်ရုံတွင် သတ်မှတ်ထားသော စည်းကမ်းဥပဒေနှင့်အညီ သန့်ရှင်းစွာဆောင်ရွက်မှု ရှိ မရှိကို ဇွန် ၂၅ ရက်က အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး၊ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်ခင်ခင်လှနှင့် သားသတ်ရုံမှူး ဦးကြည်စိုးတို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

အိုကီနာဝါကျွန်းမှ အမေရိကန်စစ်အခြေစိုက်စခန်းရွှေ့ပြောင်းရေး ဂျပန်နိုင်ငံအနေဖြင့် ငွေကြေးအရ မျှဝေထည့်ဝင်ရန် အမေရိကန်တောင်းဆို

တိုကျို ဇူလိုင် ၄

အိုကီနာဝါကျွန်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းမှ မရိန်းတပ်ဖွဲ့ဝင်များကို ဂူအမ်ကျွန်းသို့ ပြောင်းရွှေ့နေရာချထားရာတွင် ကုန်ကျမည့်စရိတ်စကများကို ဂျပန်နိုင်ငံက မျှဝေထည့်ဝင်ရန် အမေရိကန်နိုင်ငံက တောင်းဆိုခဲ့ကြောင်း ဇူလိုင် ၄ ရက် သတင်းများတွင် ဖော်ပြသည်။

လက်ရှိသဘောတူညီချက်များအရ အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ၈၀၀၀ နှင့် ၎င်းတို့ကို မှီခိုသူမိသားစုများသည် ဂူအမ်ကျွန်းသို့ ၂၀၁၄ ခုနှစ်တွင် ပြောင်းရွှေ့မည်ဖြစ်ပြီး အချို့သော အမေရိကန်စစ်ဘက် ဆိုင်ရာ အဆောက်အအုံများကို အိုကီနာဝါကျွန်း၏ လူနေကျဲပါးသော ဒေသများသို့ ပြောင်းရွှေ့မည်ဖြစ်သည်။

အိုကီနာဝါကျွန်းပေါ်၌ အမေရိကန်စစ်အခြေစိုက်စခန်း ဆက်လက်ထားရှိမှုနှင့် ပတ်သက်ပြီး ဂျပန်နိုင်ငံအတွင်း ဆန့်ကျင်ကန့်ကွက်မှုများပေါ်ပေါက်ခဲ့ကာ လွန်ခဲ့သည့်လက ဂျပန်ဝန်ကြီးချုပ် ယူကီအိုဟာတိုယာမ ရာထူးမှ နုတ်ထွက်ခဲ့ရသည်။

မျှဝေကျခံ

ဂူအမ်ကျွန်း၌ စစ်အခြေစိုက်စခန်းသစ်တည်ဆောက်ရာတွင် မူလခန့်မှန်းထားသည်ထက် စရိတ်စကပိုကုန်ကျမည်ဖြစ်ရာ ဂျပန်နိုင်ငံအနေဖြင့် ငွေကြေးအရမျှဝေကျခံပေးရန် အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ရောဘတ်ဂိတ်စ်က တောင်းဆိုခဲ့သည်။

အိုကီနာဝါကျွန်းမှ အမေရိကန်စစ်စခန်းကို ရွှေ့ပြောင်းရာတွင် ကုန်ကျမည်ဟုခန့်မှန်းထားသော ဒေါ်လာ ၁၀ ဘီလီယံအနက် ခြောက်ဘီလီယံ ထည့်ဝင်ကျခံပေးရန် ဂျပန်နိုင်ငံက ၂၀၀၆ ခုနှစ်တွင် သဘောတူခဲ့သည်။

အင်တာနက်။

ဖိလစ်ပိုင်နိုင်ငံတွင် ဇူလိုင် ၃ ရက်က ဖြစ်ပွားသော ယာဉ်မတော်တဆမှုကို တွေ့ရစဉ်။ *(ယင်းဖြစ်စဉ်ကြောင့် လူ ၁၅ ဦး သေဆုံး၍ ၄၈ ဦး ဒဏ်ရာရရှိခဲ့သည်။)*

(ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်၌ ကုလတပ်ဖွဲ့ဝင်များနှင့် အရပ်သားများ ပဋိပက္ခဖြစ်ပွား

ဘေရွတ် ဇူလိုင် ၄

လက်ဘနွန်နိုင်ငံတောင်ပိုင်း၌ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များနှင့် လက်ဘနွန်အရပ်သားများအကြား ပဋိပက္ခဖြစ်ပွားခဲ့ကြောင်း ဇူလိုင် ၂ ရက်ကထုတ်ပြန်သော ကုလသမဂ္ဂ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်ဘနွန် အရပ်သားများသည် လက်ဘနွန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကြားခံတပ်ဖွဲ့(ယူနီဖေးလ်)မှ ပြင်သစ်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့ပြီး လက်နက်ခဲယမ်းများကို သိမ်းယူခဲ့ကြောင်း ကုလ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယူနီဖေးလ်တပ်ဖွဲ့သည် ၁၉၇၈ ခုနှစ်မှစ၍ လက်ဘနွန်နိုင်ငံအတွင်း ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ် အတွင်း ဖြစ်ပွားခဲ့သော အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတပ်ဖွဲ့များအကြား တိုက်ပွဲပြီးဆုံးပြီးနောက် တပ်ဖွဲ့ဝင်အရေအတွက်နှင့် လုပ်ပိုင်ခွင့်များကို တိုးချဲ့ခဲ့သည်။

ဟစ်ဇ်ဘိုလာအဖွဲ့ ကြီးစိုးရာနယ်မြေအတွင်း ကင်းလှည့်နေသော ကုလသမဂ္ဂ တပ်ဖွဲ့ဝင် ပြင်သစ်တပ်ဖွဲ့များကို လက်ဘနွန်ကျေးရွာနှစ်ရွာမှ အရပ်သားများက တိုက်ခိုက်ခဲ့ကြပြီး လက်နက်များကို ဖြုတ်သိမ်းခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

လက်ဘနွန်အရပ်သားများနှင့် ကုလသမဂ္ဂတပ်ဖွဲ့များအကြား ပဋိပက္ခဖြစ်ပွားမှုသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အီရန်နိုင်ငံအား အရေးယူပိတ်ဆို့ရန် ဆုံးဖြတ်ခဲ့ခြင်းကို အရင်းခံ၍ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသူများက သုံးသပ်သည်။

ပြန်လည်အပ်နှံ

သိမ်းဆည်းခံရသော ကုလသမဂ္ဂ တပ်ဖွဲ့ဝင်များ၏ လက်နက် ခဲယမ်းများကို ယူနီဖေးလ်တပ်ဖွဲ့၊ လက်ဘနွန်တပ်ဖွဲ့နှင့် ဟစ်ဇ်ဘိုလာအဖွဲ့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ သဘောတူညီချက်များအရ ကုလသမဂ္ဂသို့ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

အင်တာနက်။

အီရန်ရေဒါ ဆီးရီးယားသို့ ရွှေ့ပြောင်းထားဟုဆို

ဝါရှင်တန် ဇူလိုင် ၄

အီရန်နိုင်ငံ၏ နျူကလီးယားအဆောက်အအုံများကို အစ္စရေးတို့ကလေကြောင်းမှ တိုက်ခိုက်လာခဲ့ပါက ကြိုတင်သိရှိနိုင်ရေးအတွက် အီရန်နိုင်ငံက ဆီးရီးယားသို့ ရေဒါစနစ်တစ်ရပ် ရွှေ့ပြောင်းခဲ့ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန အရာရှိတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

ဆီးရီးယားသို့ အီရန်နိုင်ငံက ရေဒါ ပေးပို့ထားကြောင်းကို သောကြာနေ့ သတင်းများတွင် ပထမဆုံး ဖော်ပြထားသည်။ ဆီးရီးယားနှင့် အီရန်တို့ ပူးပေါင်းခြင်းကို စိုးရိမ်ပူပန်လျက်ရှိကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောဆိုခဲ့သည်။

ခေတ်မီဆန်းပြားသော ရေဒါစနစ်တစ်ရပ်ကို ယမန်နှစ်ကတည်းက ဆီးရီးယားနိုင်ငံသို့ ရွှေ့ပြောင်းတပ်ဆင်ထားပြီးဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ပြောကြားသည်။

အထောက်အကူဖြစ်

တီဟီရန်၏ နျူကလီးယားစက်ရုံများကို အစ္စရေးက ဗုံးကြဲလိမ့်မည်ဟူသော ထင်မြင်ချက်များ ထွက်ပေါ်လာစဉ် ထိုသို့ ရေဒါပြောင်းရွှေ့ချထားခြင်းက အီရန်နိုင်ငံအတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ယင်းရေဒါမှ ရရှိသော သတင်းအချက်အလက်များသည် လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာအဖွဲ့၏ ဒုံးကျည်သိုလှောင်စခန်းများ၊ လေကြောင်းရန်ကာကွယ်ရေး ကဏ္ဍများနှင့်ပတ်သက်၍ ထောက်ကူမှုပေးနိုင်မည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

လေကြောင်းရန်ကာကွယ်ရေး ရေဒါစနစ်သစ်တစ်ရပ်ကို စမ်းသပ်နေသော အီရန်တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါရီတွင် လျှပ်စစ်ဓာတ်အားလိုင်းကို မိုးကြိုးပစ် ရထားစီး ခရီးသည်များ ဘူတာ၌ သောင်တင်

ပါရီ ဇူလိုင် ၄

မိုးကြိုးပစ်ခံခဲ့ရပြီး လျှပ်စစ်ဓာတ်အားပေးစနစ် ချို့ယွင်းမှုကြောင့် ပါရီမြို့ အဓိကဘူတာရုံတစ်ခု၏ မီးရထားခရီးစဉ်အားလုံးကို ဖျက်သိမ်းခဲ့ရပြီး ခရီးသည် ၄၀၀၀၀ ခန့်မှာ စနေနေ့၌ သောင်တင်လျက်ရှိသည်။

ပြင်သစ်နိုင်ငံသားများ၏ အားလပ်ရက်ရာသီအစကာလများတွင် ယင်းကဲ့သို့ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဇူလိုင် ၃ ရက်သတင်းများတွင် ဖော်ပြသည်။

ပြင်သစ်နိုင်ငံ၏ အနောက်တောင်ပိုင်း၊ အလယ်ပိုင်းနှင့် စပိန်နိုင်ငံတို့ကို ဆက်သွယ်ပေးထားသော အောစတာလစ်ဘူတာရုံ၏ ရထားပြေးဆွဲမှုများကို ၂၄ နာရီကြာ ပယ်ဖျက်ခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်နိုင်ငံမီးရထားလုပ်ငန်း အက်စ်အန်စီအက်ဖ်က ပြောကြားသည်။

ရောက်ရှိလာသော ရထားများကို အခြားဘူတာရုံများသို့ လွှဲပြောင်းပေးခဲ့ရကြောင်း စီအန်စီအက်ဖ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

လျှပ်စစ်ဓာတ်အားပေးစနစ် ချို့ယွင်းမှုကြောင့် ရထားခရီးစဉ်များ ရပ်ဆိုင်းခဲ့ရသဖြင့် အောစတာလစ်ဘူတာရုံ၌ သောင်တင်နေသော ခရီးသည်များကို ဇူလိုင် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

ကိုကင်းမှောင်ခိုသယ်မည့်ရေငုပ်သင်္ဘောတစ်စင်း အီကွေဒေါဖမ်းဆီး

ဝါရှင်တန် ဇူလိုင် ၄

ကိုကင်းတန်ပေါင်းများစွာ သယ်ယူပို့ဆောင်နိုင်စွမ်းရှိသော ရေငုပ်သင်္ဘောတစ်စင်းအား ဖမ်းဆီးနိုင်ရန် မူးယစ်ဆေးဝါးထိန်းချုပ်မှု စီမံခန့်ခွဲရေးအဖွဲ့(ဒီအီးအေ)က ကူညီနိုင်ခဲ့ကြောင်း စနေနေ့ သတင်းများတွင် ဖော်ပြသည်။

အဆိုပါ ဒီဇယ်စွမ်းအင်သုံး ရေငုပ်သင်္ဘောကို တောတွင်းတစ်နေရာ၌ တည်ဆောက်ခဲ့ပြီး အီကွေဒေါနှင့် ကိုလံဘီယာနယ်စပ်နှင့် ကပ်နေသည့် မြစ်လက်တက်တစ်ခုအနီးတွင် ဖမ်းမိခဲ့သည်။

ယင်းရေငုပ်သင်္ဘောကို ပထမဆုံးအကြိမ် စမ်းသပ်မောင်းနှင်ခြင်း မပြုရသေးမီ အီကွေဒေါအာဏာပိုင်များက ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ရုတ်တရက်မတွေ့နိုင်ရန် ပုံဖျက်ထားသော ယင်းခေတ်မီရေငုပ်သင်္ဘောတွင် မျှော်စင်တစ်ခု၊ ပယ်ရီစကုပ်နှင့် လေအေးပေးစနစ်များ တပ်ဆင်ထားသည်။ ကုန်းပတ်မှ မျက်နှာကြက်အထိ ကိုးပေခန့်မြင့်ပြီး အရှည်ပေ ၁၀၀ နီးပါးရှိသည်။ ၎င်းကို သမုဒ္ဒရာများအား ဖြတ်သန်း၍ မူးယစ်ဆေးဝါးသယ်ဆောင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုနှင့် ကိုလံဘီယာနိုင်ငံများမှ ကင်းလှည့်ရေယာဉ်များကို ရှောင်ကွင်း၍ ကိုကင်းတန်ချိန်အမြောက်အမြားကို အမေရိကအလယ်ပိုင်းသို့ ပို့ဆောင်နိုင်ရေးအတွက် ကိုလံဘီယာမူးယစ်ဂိုဏ်းများက ပြည်တွင်းဖြစ်ရေငုပ်သင်္ဘောများကို သုံးစွဲခဲ့သည်ဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အာကာသအမှိုက်များကို လေ့လာစောင့်ကြည့်မည့်ဂြိုဟ်တု အမေရိကန်လေတပ် လွှတ်တင်မည်

ဒင်းဗား ဇူလိုင် ၄

အမေရိကန်လေတပ်က တည်ဆောက်ခဲ့သော ဂြိုဟ်တုအသစ်တစ်စင်းသည် ကမ္ဘာမြေကို လှည့်ပတ်နေသော အမေရိကန်ဂြိုဟ်တုများကို ဝင်တိုက်နိုင်သည့် အခြားဂြိုဟ်တုများနှင့် ထောင်ပေါင်းများစွာသော အာကာသအမှိုက်များကို လေ့လာထောက်လှမ်းနိုင်စွမ်းရှိကြောင်း ဇူလိုင် ၃ ရက်သတင်းများတွင် ဖော်ပြသည်။

စောင့်ကြည့်

ဒေါ်လာသန်း ၅၀၀ တန်ဖိုးရှိသော ယင်းဂြိုလ်တုသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်းရှိ ပိုမိုရှုပ်ထွေးလာသော ဂြိုဟ်တုပတ်လမ်းများ၏အခြေအနေကို လေ့လာစောင့်ကြည့်မည်ဖြစ်သည်။

ယင်းဂြိုဟ်တုကို ကာလီဖိုးနီးယားပြည်နယ် ဗင်ဒန်ဗတ်လေတပ်အခြေစိုက်စခန်းမှ ကြာသပတေးနေ့တွင်ပစ်လွှတ်ရန်စီစဉ်ထားသည်။

အင်တာနက်။

ကိုလံဘီယာနိုင်ငံတွင် အကြမ်းဖက်မှုဖြစ်ပွား ရှစ်ဦးသေဆုံး

ဘိုဂိုတာ ဇူလိုင် ၄

ကိုလံဘီယာနိုင်ငံ အနောက်မြောက်ဘက် အင်တီယိုကွီယာဒေသ မီဒယ်လ်လင်းမြို့အနီးတွင် ပစ်ခတ်မှုတစ်ခု ဖြစ်ပွားရာ လူရှစ်ဦးထက်မနည်း သေဆုံး၍ လူကိုးဦး ဒဏ်ရာရရှိသွားကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက သောကြာနေ့တွင် ပြောကြားသည်။

သောကြာနေ့ နံနက်စောစောပိုင်းက အင်ဗီဂါဒိုမြို့ရှိ အဖျော်ယမကာရောင်းချသော ဆိုင်တစ်ဆိုင်အတွင်းသို့ လက်နက်ကိုင်လူတစ်စုရောက်ရှိလာပြီး ဆိုင်အတွင်းရှိလူများကို ပစ်ခတ်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ အဂ္ဂိမူနေဇ်က ပြောကြားသည်။

အင်တီယိုကွီယာဒေသ အုပ်ချုပ်ရေးမှူးက ယင်းပစ်ခတ်မှုသည် ရာဇဝတ်ဂိုဏ်းသားများအချင်းချင်း လက်စားချေတိုက်ခိုက်မှု ဖြစ်နိုင်သည်ဟု ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပုသိမ်မြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာမှူးကြီးရုံးခန်း၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပုသိမ်-မုံရွာလမ်း အပိုင်း(၁) ကတ္တရာလမ်းအဆင့်သို့ တိုးတက်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအထူးအဖွဲ့ သုံးဖွဲ့၊ ခရိုင်အဖွဲ့ ခုနစ်ဖွဲ့၊ ကုမ္ပဏီ ခြောက်ဖွဲ့တို့မှ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (ဆောက်လုပ်ရေး)

ဝန်ကြီး ဦးခင်မောင်မြင့် ပုသိမ် -မုံရွာလမ်း (အပိုင်း-၁) ကတ္တရာလမ်းအဆင့်သို့ တိုးတက်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့်အဖွဲ့များအား တွေ့ဆုံမှာကြား

နေပြည်တော် ဇူလိုင် ၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၃၀ ရက် ညပိုင်းတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာမှူးကြီးရုံး၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပုသိမ် - မုံရွာလမ်း (အပိုင်း-၁) ကတ္တရာလမ်း အဆင့်သို့ တိုးတက်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်း အထူးအဖွဲ့ သုံးဖွဲ့၊ ခရိုင်အဖွဲ့ ခုနစ်ဖွဲ့၊ ကုမ္ပဏီအဖွဲ့ ခြောက်ဖွဲ့တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ အင်ဂျင်နီယာချုပ် (အဆောက်အအုံ) ဦးဝင်းမောင်က ပုသိမ်-မုံရွာလမ်း (အပိုင်း-၁) မိုင်တိုင်အမှတ် (၃၃/၂)မှ (၁၇၉/၆)အထိ (၁၄၆ မိုင် ၄ ဖာလုံ) အား ကတ္တရာလမ်းအဆင့်သို့ တိုးတက်ပြုပြင်ခြင်းလုပ်ငန်းကို ဧရာဝတီတိုင်းနှင့်ပဲခူးတိုင်းအတွင်းရှိ စီမံကိန်းအထူးအဖွဲ့ သုံးဖွဲ့၊ ခရိုင်အဖွဲ့ ခုနစ်ဖွဲ့၊ ကုမ္ပဏီအဖွဲ့ ခြောက်ဖွဲ့ စုစုပေါင်းအဖွဲ့ ၁၆ ဖွဲ့တို့ဖြင့် လုပ်ငန်းတာဝန်ခွဲဝေဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းစီမံချက်နှင့် ပြီးစီးမှု၊ ပစ္စည်းစုဆောင်းမှု၊ စက်၊ ယာဉ်ယန္တရားရောက်ရှိမှု၊ ကျောက်မိုင်းနှင့် ကျောက်ခွဲစက်ကြီးများ တည်နေရာ၊ ကျောက်ကွင်းနေရာများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) လမ်းသုတေသနဦးစီးဌာနမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဒေါ်လှလှသွယ်က ပုသိမ် - မုံရွာလမ်း (အပိုင်း-၁)ကတ္တရာလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်းအား သတ်မှတ် Design အတိုင်း လုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက အဖွဲ့ ၁၆ ဖွဲ့အား တာဝန်ပေးအပ်ထားသည့်အတိုင်း မိမိလုပ်ငန်းအပေါ် စေတနာထားပြီး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

○ *ကမ္ဘာ့အကြီးဆုံးမှ*

ရှာဖွေကြည့်ရှုနိုင်ရန်ဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီက ပြောကြားသည်။ ကြယ်တာရာပေါက်ကွဲမှုများ၊ ဂမ်မာရောင်ပြန်ပေါက်ကွဲမှုများ၊ တွင်းနက်ကြီးများ (black holes)နှင့် နျူထရွန် ကြယ်တာရာများ၏ ထူးခြားဖြစ်စဉ်များကို လေ့လာရာတွင် အန္တာတိကတိုက်ရှိ အဝေးကြည့်မှန်ပြောင်းက အထောက်အကူပြုမည်ဆို၏။

နျူထရီနိုများသည် အီလက်ထရွန်နှင့် အလားသဏ္ဌာန်တူညီသည်။ ကမ္ဘာ့မျက်နှာပြင်ကို ဖြတ်သန်းသွားသော နျူထရီနိုအများစုမှာ နေမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။

နျူထရီနိုအဝေးကြည့်မှန်ပြောင်းအဖြစ် တည်ဆောက်မည့် Digital Optical Module အရေအတွက် ၅၀၀၀ ခန့်ကို ရေခဲမျက်နှာပြင်အောက် ၁ ဒသမ ၄ ကီလိုမီတာမှ ၂ ဒသမ ၅ ကီလိုမီတာအနက်၌ မြှုပ်ထားရသည်ဟု သိရသည်။

အန္တာတိကဒေသ၌ တည်ဆောက်လျက်ရှိသော အဝေးကြည့်မှန်ပြောင်းသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ အထပ် ၁၀၂ထပ်ရှိ အင်ပါယာစတိတ်(Empire State)အဆောက်အအုံ၏ အမြင့်ထက် ပိုမိုမြင့်မားမည်ဖြစ်ကြောင်း ရုရှားအေဂျင်စီက ပြောကြားသည်။ အင်ပါယာစတိတ်အဆောက်အအုံသည် ၁၄၅၄ ပေမြင့်သည်။

နျူထရီနိုအဝေးကြည့်မှန်ပြောင်းအတွက် ဒီဇိုင်းပုံစံကို အမေရိကန် ဝစ္စကွန်ဆင်တက္ကသိုလ်မှ သုတေသီများက ထုတ်လုပ်ပေးခဲ့ပြီး အမျိုးသားသိပ္ပံဖောင်ဒေးရှင်းက ဘဏ္ဍာငွေ ထောက်ပံ့ပေးသည်။ ***အင်တာနက်။***

ရုရှားသိပ္ပံပညာရှင်များက တောင်ဝင်ရိုးစွန်းဒေသ၌ တည်ဆောက်လျက်ရှိသော အဝေးကြည့်မှန်ပြောင်းစခန်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘုရင့်နောင်ဈေး စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနလက်အောက်ရှိ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး (၁၁)ကြိမ်မြောက် စုပေါင်း သွေးလှူဒါန်းပွဲကို ဇူလိုင် ၃ ရက်က အဆိုပါဈေးကြီး၌ ကျင်းပရာ ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန တာဝန်ခံဒေါက်တာ သီတာအောင်တို့က အမှာစကား ပြောကြားပြီး ဈေးသာယာရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်လွင်က သွေးလှူဒါန်းမှုနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ဈေးသူဈေးသားများနှင့် အလှူရှင်များ လှူဒါန်းသည့် ငွေကျပ် ၁၉၆၂၇၀၀ ကို ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းက တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာသီတာအောင်ထံ ပေးအပ်လှူဒါန်းပြီး ဈေးသူ၊ ဈေးသားများနှင့် သွေးအလှူရှင်များက သွေး ပုလင်းပေါင်း ၄၀၉ ပုလင်း လှူဒါန်းသည်။ ယခု (၁၁)ကြိမ် အပါအဝင် သွေးပုလင်းပေါင်း ၃၂၅၉ ပုလင်းကို ဘုရင့်နောင်ဈေးကြီး သွေးလှူရှင်များ အနေဖြင့် လှူဒါန်းနိုင်ခဲ့ပြီးဖြစ်ပြီး အမျိုးသားသွေးဌာနသို့ ဘုရင့်နောင်ဈေး သာယာရေးအဖွဲ့အနေဖြင့် စုစုပေါင်း ငွေကျပ် ၂၀၅၂၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** ယခုနှစ်အတွင်း ထပ်မံ၍ သွေးလှူဒါန်းပွဲ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။ (ကြေးမုံ)

၂၀၁၀ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

ပညာရေးဝန်ကြီးဌာန

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှိုးဆော်

နေပြည်တော် ဇူလိုင် ၄

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေး ပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ဇူလိုင် ၁၁ ရက် (တနင်္ဂနွေနေ့)ကို ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် သတ်မှတ်ထားပြီးဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၇-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၆။ စိုက်ပျိုးသုတ
- ၄း၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၄၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၂၆)**
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ Talk of The Town
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း(အပိုင်း-၅၈)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်းဖြစ်သော ဖျာပုံမြို့ အမှတ်(၁၄)လမ်း ကတ္တရာခင်းခြင်း ကျောက်စုဆောင်းထားရှိမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေး ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်မြင့်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ တီဘီရောဂါတိုက်ဖျက်ရေးတွင် အားလုံးပါဝင်ဆောင်ရွက်ကြပါစို့

ဒေါက်တာသန္တာလွင်
(အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း)

မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုသမိုင်းကြောင်းကို ပြန်ကြည့်လျှင် ကျန်းမာရေးဝန်ကြီးဌာန ဦးဆောင်မှုအောက်မှ ကျန်းမာရေးဝန်ထမ်းများရဲ့ ရောဂါတိုက်ဖျက်ရေးဆိုင်ရာ အထင်ကရမှတ်တိုင်များအဖြစ် မြန်မာ့မြေပေါ်မှ ၁၉၇၈ ခုနှစ်မှာ ကျောက်ကြီးရောဂါကိုပပျောက်စေပြီး ၂၀၀၃ ခုနှစ်မှာ အနာကြီးရောဂါကိုလည်းကောင်း၊ ၂၀၁၀ ခုနှစ်မှာ မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါကို လည်းကောင်း ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ကင်းဝေးစေခဲ့ခြင်းဆိုတဲ့ အောင်မြင်မှုတွေ ရှိခဲ့ပြီးဖြစ်ပါတယ်။

ဒီအောင်မြင်မှုတွေကိုအားကျမိတာနဲ့အညီ ၁၉၆၆-၆၇ ခုနှစ်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေး စီမံကိန်းရဲ့ အဓိကဦးတည်ချက်အတိုင်း ၂၀၅၀ခုနှစ်မှာ တီဘီရောဂါကို မြန်မာနိုင်ငံရဲ့ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုအဖြစ်မှ ဖယ်ရှားနိုင်ရေးကိုလည်း အချိန်ရှိတုန်း လိုအပ်တဲ့နည်းဗျူဟာတွေ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရမယ့်အချိန်၊ ကျန်းမာရေးဝန်ထမ်းများသာမက ပြည်သူအားလုံး ပါဝင်ပူးပေါင်းပြီး အမျိုးသားရေးအသွင်နှင့် တီဘီရောဂါတိုက်ဖျက်ရေး ဆောင်ရွက်ကြရမယ့်အချိန်လို့ ပြည်သူလူထုကို မီးမောင်းထိုးပြပြီး နှိုးဆော်ချင်လာမိပါတယ်။

နိုင်ငံရဲ့ တီဘီရောဂါတိုက်ဖျက်ရေး ဦးတည်ချက်ပြည့်မီအောင်ဆိုရာမှာ ၂၀၅၀ ခုနှစ်မှာ လူဦးရေတစ်သန်းရှိတိုင်း တီဘီလူနာ တစ်ယောက်တောင် မရှိအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီထက်ရှင်းလင်းရရင် ၂၀၅၀ ခုနှစ်မှာ မြန်မာနိုင်ငံလူဦးရေမှာ ၁၃၇ သန်းလောက်ရှိမယ်လို့ ခန့်မှန်းရင် တီဘီလူနာ အများဆုံး ၁၃၆ ဦးပဲ ရှိရမှာဖြစ်ပါတယ်။ ဦးတည်ရည်မှန်းချက်က ကြီးလွန်းတော့တစ်နိုင်ငံလုံး လူတိုင်းရဲ့တာဝန်သိစိတ်နှင့် တီဘီရောဂါ ကူးစက်မှုကွင်းဆက်ပြတ်အောင် ကြိုးစားဆောင်ရွက်ကြမှသာ အချိန်ကိုက်အောင်မြင်နိုင်ဖို့ မြော်တွေးနိုင်မှာလို့ နှိုးဆော်လိုပါတယ်။

တီဘီရောဂါတိုက်ဖျက်ဖို့ရာ တီဘီရောဂါက ဘယ်လိုကူးစက်သလဲလို့ ကူးစက်မှုကွင်းစက် (Chain of transmission)ကို လေ့လာကြည့်လျှင် တီဘီပိုးမှာလေမှတစ်ဆင့်ကူးစက်သောရောဂါ (Airborne infection) ဖြစ်၍ တီဘီရောဂါရှိသူ ချောင်းဆိုးနှာချေပြီး လေထုထဲရောက်လာတဲ့ တီဘီပိုးကို လေနှင့်အတူရှူမိရာမှ ကူးစက်ခံရတာဖြစ်ပါတယ်။ ဒါဆို ဘယ်လိုကာကွယ်ရမှာလဲ။ အဖြေကတော့ ပြည်သူလူထုအထဲမှာ သူသူငါငါမသိနိုင်ဘဲ တီဘီရောဂါဖြန့်ဖြူးကူးစက်စေနိုင်တဲ့ တီဘီလူနာများအားလုံးကို တွေ့အောင်ရှာပြီး ရောဂါပျောက်ကင်းအောင် ကုသမှုပေးပြီး Source of infection မရှိတော့အောင် လုပ်ရပါမယ်။ Treat the source တီဘီလူနာကို ရောဂါပျောက်အောင်ကုသခြင်းသည်ပင်လျှင် ရောဂါကူးစက်မှုကို ကာကွယ်ခြင်းမည်ပါတယ်။ လူဦးရေထူထပ်ရင်၊ လူမှုစီးပွားရေး အခြေအနေချို့တဲ့ရင်၊ မူလကိုယ်ခံအားတွေ ချို့တဲ့နေရင် အဲဒီအခြေအနေတွေကို ဖယ်ရှားပေးဖို့လည်း တစ်ပြိုင်တည်း အရေးကြီးပါတယ်။

ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ငါးနှစ်စီမံကိန်း ၂၀၀၆-၂၀၁၀ ကို ရေးဆွဲအတည်ပြုချက်ရရှိခဲ့ပြီး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ပံ့ပိုးမှုအနေဖြင့် ၁၉၉၅-၁၉၉၆ ခုနှစ်မှာ ကျပ် ၁၄ သန်းရရှိခဲ့ပြီး ၂၀၀၈-၂၀၀၉ ခုနှစ်မှာ ကျပ်သန်းပေါင်း ၄၇၄ သန်းအထိ တိုးတက်ထောက်ပံ့ခဲ့ပါတယ်။ ဒ့ါအပြင် ရောဂါကြီးသုံးမျိုး ရန်ပုံငွေမှလည်း ၂၀၀၇ ခုနှစ်မှစ၍ ထောက်ပံ့ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ တီဘီရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းချမှတ်၍ ၂၀၀၃ခုနှစ်မှ စတင်ပြီး မြို့နယ် ၃၂၅ မြို့နယ်လုံး လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိပါတယ်။ တီဘီရောဂါတိုက်ဖျက်ရေးဝန်ထမ်းများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများသည် စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများ၊ အစိုးရမဟုတ်သော ပြည်တွင်းလူမှုရေးအသင်းအဖွဲ့ လေးဖွဲ့ (မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း)၊ အစိုးရမဟုတ်သော နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့ (၁၁) ဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ နှစ်နိုင်ငံအစိုးရချင်း ပူးပေါင်းဆောင်ရွက်သည့် အေဂျင်စီများနှင့်ပူးပေါင်း၍ ကျေးလက်ဒေသ အောက်ခြေအဆင့် လွှမ်းခြုံဆောင်ရွက်လျက်ရှိပါတယ်။

တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းရဲ့ရည်မှန်းချက်များ ကတော့ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ထောင်စုနှစ်ရည်မှန်းချက်များအတိုင်း နှစ်စဉ်တီဘီလူနာအသစ်ဖြစ်ပွားမှုကို ရပ်တန့်ကျဆင်းလာစေရန်နှင့် ၂၀၁၅ ခုနှစ်တွင် တီဘီ ရောဂါဖြစ်ပွားနှုန်းနှင့် သေဆုံးနှုန်းတို့ကို ၁၉၉၀ ခုနှစ်ရှိ အခြေအနေရဲ့ ထက်ဝက်လျှော့ချရန်တို့ဖြစ်ပါတယ်။

လက်ရှိနိုင်ငံအခြေအနေမှာတော့ ကမ္ဘာ့တီဘီအဖြစ်အများဆုံး ၂၂ နိုင်ငံမှာ မြန်မာနိုင်ငံပါဝင်နေပြီး နှစ်စဉ်လူနာသစ် ၁၃၀၀၀၀ခန့်ကို ရောဂါရှာဖွေကုသပေးလျက်ရှိပါတယ်။ ၂၀၀၉ခုနှစ်အတွက် ပြည်သူလူထုအတွင်းမှာရှိတဲ့ သလိပ်ပိုးတွေ့ တီဘီလူနာသစ်အားလုံးရဲ့ ၉၄ ရာခိုင်နှုန်းကို ရောဂါရှာဖွေကုသပေးနိုင်ခဲ့ပြီး ကုသတဲ့လူနာများရဲ့ ၈၅ရာခိုင်နှုန်းကို ပျောက်ကင်းအောင် ကုသနိုင်ခဲ့ပါတယ်။(ဇယား-၁)

တီဘီရောဂါရှာဖွေရေးအတွက် သလိပ်တွင် တီဘီပိုး ရှိ၊ မရှိ အဏုကြည့်မှန်ဘီလူးဖြင့် စစ်ဆေးခြင်းနည်းကိုသုံးတာကြောင့် အရည်အသွေးပြည့် ဓာတ်ခွဲလုပ်ငန်းကို မြို့နယ်တိုင်းတွင် ထားရှိဆောင်ရွက်လျက်ရှိပါတယ်။ ဓာတ်မှန်ရိုက်၍ရောဂါရှာဖွေခြင်းကို လိုအပ်သလိုအသုံးပြုသော်လည်း တီဘီရောဂါပိုးကို အဏုကြည့်မှန်ဘီလူးအောက်တွင် မျက်ဝါးထင်ထင်တွေ့ရှိနိုင်တဲ့ ဓာတ်ခွဲခန်းတွင် စစ်ဆေးခြင်းက ရောဂါရှာဖွေရာတွင် ပိုမိုတိကျမှုရှိပါတယ်။ အမျိုးသားမှီငြမ်းပြု တီဘီဓာတ်ခွဲဌာနကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် (အောင်ဆန်း)တွင် ထားရှိပြီး တစ်နိုင်ငံလုံးရှိ ဓာတ်ခွဲဌာနများ၏ အရည်အသွေးထိန်းသိမ်းခြင်း၊ သင်တန်းပေးခြင်း၊ တီဘီပိုးမွေးခြင်းနှင့် ဆေးယဉ်ပါးမှုစမ်းသပ်ခြင်း၊ သုတေသနပြုလုပ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၀၈ ခုနှစ်တွင် မန္တလေးတိုင်း တီဘီဓာတ်ခွဲဌာနကို အထက်မြန်မာနိုင်ငံရှိ မြို့နယ်များမှ ညွှန်းပို့မှုများအတွက် တီဘီပိုးမွေးခြင်းနှင့် တီဘီဆေးယဉ်ပါးမှုစမ်းသပ်ခြင်းတို့ ဆောင်ရွက်နိုင်ရန် အဆင့်မြှင့်တင်ပေးခဲ့ပါတယ်။ တီဘီရောဂါရှာဖွေရေးကို ကျေးလက်နေ ပြည်သူလူထုလက်လှမ်းမီနိုင်ရေးအတွက် တီဘီဓာတ်ခွဲလုပ်ငန်းကို တိုက်နယ်ဆေးရုံအဆင့်ထိ ဖွင့်လှစ်ခြင်းကိုလည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနတွင် တီဘီသံသယလူနာများမှ သလိပ်များစုဆောင်း၍ မြို့နယ်ဓာတ်ခွဲဌာနသို့ ပို့ဆောင်ရောဂါရှာဖွေခြင်းနည်းကိုလည်းကောင်း စတင်အသုံးပြု၍ လူနာရှာဖွေကုသခြင်းကို လွှမ်းခြုံမှုတိုးမြှင့်လျက်ရှိပါတယ်။

တီဘီဆေးကုသရာမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်အတိုင်း တီဘီလူနာအမျိုးအစားအလိုက် ဆေးကုထုံး ခွဲခြားကုသပေးလျက်ရှိပါတယ်။ ဆေးကုသကာလသည် ၆ လမှ ၈ လအထိကြာမြင့်၍ တင်းတင်းကျပ်ကျပ် ဆောင်ရွက်ရန် လိုအပ်တာကတော့ ဆေးသောက်ပျက်ကွက်မှု မရှိစေရေးဖြစ်ပါတယ်။ ကျန်းမာရေးဌာနမှာ မှတ်ပုံတင်ကုသသော တီဘီလူနာတိုင်းအတွက် တီဘီဆေးကို နေ့စဉ်စောင့်ကြပ်ပြီး ဆေးတိုက်ကျွေးမည့်သူနှင့် ထိုသူမှ လူနာကို ဆေးတိုက်ကျွေးရာတွင် မှန်ကန်မှု ရှိ၊ မရှိ တာဝန်ယူ ကွင်းဆင်းကြီးကြပ်ရမည့် အခြေခံကျန်းမာရေး ဝန်ထမ်းတစ်ဦးစီကို ဆေးစတင်ကုသချိန်မှာ သတ်မှတ်တာဝန်ပေးထားပါတယ်။ ထိုသူများဟာ မိမိတီဘီလူနာ ဆေးသောက်ပျက်ကွက်ရင် အိမ်တိုင်ရာရောက် ကျန်းမာရေးပညာပေးပြီး ပြန်လည်စည်းရုံးခေါ်ဆောင်၍ ဆေးပြန်သောက်စေရန်တာဝန်ရှိပါတယ်။ လူနာရဲ့မိသားစုမှလည်း လူနာ ဆေးမှန်မှန်သောက်စေရန် ပံ့ပိုးကူညီပေးဖို့တာဝန်ရှိပါတယ်။ ဒ့ါအပြင် ဆေးဒဏ်ကြောင့် ဆေးလျှော့သောက်ခြင်းမရှိစေရန် ဆေးပေါင်းများ (Fixed Dose Combination drugs) စီစဉ်တိုက်ကျွေးနေပါတယ်။

ကလေးများအတွက် ရည်ရွယ်ထုတ်လုပ်တဲ့ တီဘီဆေးများအသုံးပြုပြီး ကလေးတီဘီကုသမှုကိုလည်း နည်းလမ်းကျစေရန် ၂၀၀၈ ခုနှစ်တွင် လမ်းညွှန်မှုပေး၍ ဆောင်ရွက်ပေးခဲ့ပါတယ်။ တီဘီရောဂါ ကြိုတင်ကာကွယ်ရန် တစ်နှစ်အောက်ကလေးများကို ဘီစီဂျီကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါတယ်။ ဘီစီဂျီကာကွယ်ဆေးထိုးခြင်းသည် တီဘီရောဂါဖြစ်ပွားမှုကို ရာနှုန်းပြည့်ကာကွယ်မှု မပေးနိုင်သော်လည်း ကလေးများတွင် အသေအပျောက်များသော တီဘီဦးနှောက်အမြှေးရောင်ရောဂါနှင့် လူးစေ့တီဘီရောဂါများကို ကာကွယ်ပေးနိုင်စွမ်းရှိသောကြောင့် တီဘီရောဂါကာကွယ်ရေးအတွက် အရေးကြီးသောလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ကလေးသေနှုန်း ကျဆင်းရန်အတွက် အထောက်အကူဖြစ်စေပါတယ်။

တီဘီလူနာရှာဖွေကုသမှု တိုးတက်လာစေရန် ၂၀၀၄ ခုနှစ်မှစ၍ ပုဂ္ဂလိကဆေးခန်းများနှင့် ပူးပေါင်းခြင်းကို Public-Private Mix approach ဖြင့် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံဆောင်ရွက်လျက်ရှိရာ တီဘီလူနာများသည် မိမိတို့အိမ်ရာနှင့် အနီးကပ်ဆုံးဆေးခန်းတွေမှာ အခမဲ့ရောဂါရှာဖွေ ဆေးကုသနိုင်မှာဖြစ်ပါတယ်။ ထိုသို့ ပြည်သူ့ဆေးရုံ၊ ဆေးခန်း၊ အထွေထွေရောဂါကုဆေးခန်းများသို့လာသော လူနာများအပြင် တီဘီလူနာ၏အိမ်သို့ အိမ်တိုင်ရာရောက်သွားရောက်၍ အတူနေမိသားစုဝင်များအား တီဘီရောဂါ ရှိ၊ မရှိ စစ်ဆေးခြင်း၊ ရွေ့ပြောင်းရောဂါရှာဖွေရေးအဖွဲ့များ (mobile team) အသုံးပြုခြင်းဖြင့် တီဘီလူနာ ရှာဖွေခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့ တီဘီရောဂါတိုက်ဖျက်ရေးဆောင်ရွက်မှုများကြောင့် တီဘီရောဂါဖြစ်ပွားနှုန်းနှင့် တီဘီရောဂါကြောင့် သေဆုံးနှုန်း ကျဆင်းသွားကြောင်း ဇယား-၁ တွင် လေ့လာနိုင်ပါတယ်။

မည်သို့သော အောင်မြင်မှုများရရှိထားသည်ဖြစ်စေ မြို့နယ် ၃၂၅ မြို့နယ်လုံးမှာ တီဘီရောဂါရှာဖွေကုသနိုင်အောင် ဆောင်ရွက်ထားသည်ဖြစ်စေ တီဘီရောဂါသည် ဖြစ်ပွားကူးစက်နေဆဲ၊ တီဘီလူနာများ နှစ်စဉ်ဖြစ်ပေါ်နေဆဲဖြစ်တဲ့အတွက် တီဘီလူနာများအားလုံး ဆေးကုသမှုကို လက်လှမ်းမီစေရန် မြို့ပြသာမက ကျေးလက်မကျန် ဝေးလံသောဒေသများမှာ တူညီသော အခွင့်အရေးရရှိစေရန်အတွက်(Universal access)နှင့် (Reaching to unreach) လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံးဖြန့်ကြက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိနေပါသေးတယ်။ ပြည်သူလူထုမှ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်းဖြင့်လည်းကောင်း၊ ကုသပျောက်ကင်းပြီးသော တီဘီလူနာများက တီဘီသံသယလူနာများကို ကျန်းမာရေးဌာနများသို့ ညွှန်းပို့ပေးခြင်း၊ ရောဂါကုသပျောက်ကင်းအောင် ဝိုင်းဝန်းစောင့်ရှောက်ခြင်းဖြင့်လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများမှသာမက လူမှုရေးအသင်းအဖွဲ့အစည်းဝင်များ၊ စာနယ်ဇင်း၊ မီဒီယာများမှတစ်ဆင့် ပြည်သူလူထုကို တီဘီရောဂါနှင့် ပတ်သက်သော ကျန်းမာရေးအသိပညာ ဖြန့်ဖြူးပေးခြင်းဖြင့် လည်းကောင်း တီဘီရောဂါတိုက်ဖျက်ရေး အရှိန်အဟုန်ကို ပိုမိုမြှင့်တင်ရန် လိုအပ်လျက်ရှိပါသေးတယ်။

တီဘီရောဂါတိုက်ဖျက်ရေးအောင်မြင်မှုတွေကို အဖျက်အဆီးအဟန့်အတားဖြစ်စေနိုင်တဲ့အရာများကတော့ တီဘီလူနာများ အိပ်ချ်အိုင်ဗွီ (HIV)ရောဂါပိုးကူးစက်ခံထားရပြီး တီဘီ/အိပ်ချ်အိုင်ဗွီဒွန်တွဲဖြစ်ပွားခံစားရခြင်းနှင့် ဆေးယဉ်ပါးတဲ့ တီဘီ(Multi-Drug Resistant-MDR-TB) ဖြစ်ပေါ်ခြင်းတို့ဖြစ်ပါတယ်။ ဒီပြဿနာနှစ်ရပ်ကိုမဖြေရှင်းရင် နိုင်ငံရဲ့ တီဘီရောဂါတိုက်ဖျက်ရေး ဦးတည်ရည်မှန်းချက် ပေါက်မြောက်အောင်မြင်ဖို့ကတော့"သမင်မွေးရင်း ကျားစားရင်း" "အိတ်ပေါက်နှင့်ဖားကောက်" "သဲထဲရေသွန်"ဖြစ်မှာမို့ အောက်ပါလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

တီဘီရောဂါဟာ အိပ်ချ်အိုင်ဗွီ(HIV)နှင့် ဒွန်တွဲဖြစ်ပွားတတ်ပြီး ၂၀၀၉ ခုနှစ်အတွက် ၁၅ မြို့နယ်၌ကောက်ယူခဲ့သော စစ်တမ်းအရ တီဘီလူနာသစ်ရဲ့ ၉ ဒသမ ၁၅ ရာခိုင်နှုန်းခန့်သည် တီဘီ/အိပ်ချ်အိုင်ဗွီရောဂါနှစ်မျိုး ကူးစက်ခံစားနေကြရကြောင်းသိရှိရပါတယ်။ ထိုရောဂါများ ကာကွယ်တိုက်ဖျက်ရန်အတွက် ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် ပူးပေါင်း၍ တီဘီလူနာများကိုညွှန်းပို့ပြီး အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံထားရခြင်း ရှိ၊ မရှိ မိမိတို့ သဘောဆန္ဒအလျောက် သွေးစစ်ဆေးစေခြင်း၊ တီဘီ/အိပ်ချ်အိုင်ဗွီ ဒွန်တွဲဖြစ်ပွားခံစားရခြင်းရှိပါက တီဘီဆေးကုသခြင်းအပြင် အခြားအခွင့်အရေးယူ ရောဂါများမဖြစ်ပွားစေရန် ကာကွယ်ဆေး(CPT- Co-trimoxazole Preventive Therapy)ပေးခြင်း၊ အေအာတီ(Antiretrovial Therapy) ဆေးဝါးများဖြင့် ကုသမှုရရှိနိုင်ရန် ညွှန်းပို့ပေးခြင်းများနှင့် ကျန်းမာရေးပညာပေးခြင်း၊ နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းလုပ်ငန်းများ၊ ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ထို့အတူ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်ဆေးခန်းများမှညွှန်းပို့သော အိပ်ချ်အိုင်ဗွီရောဂါ ကူးစက်ခံစားနေရသူများမှာ တီဘီရောဂါ ရှိ၊ မရှိစစ်ဆေးပြီး လိုအပ်သည့်ကုသမှုများကို ပြုလုပ်ပေးလျက်ရှိပါတယ်။

ယခုလက်ရှိသုံးစွဲနေတဲ့တီဘီဆေးပေါင်းက အစွမ်းထက်ဆေးတွေဖြစ်လို့ တီဘီရောဂါကို အိပ်ချ်အိုင်ဗွီနှင့် ဒွန်တွဲသည်ဖြစ်စေ၊ မတွဲသည်ဖြစ်စေ ယခုသုံးနေတဲ့ဆေးဝါးများ၊ ဆေးကုထုံးများနှင့် ပျောက်ကင်းအောင် ကုသနိုင်ပါတယ်။ ညွှန်ကြားချက်ကို တိတိကျကျလိုက်နာပြီး မှန်မှန်ဆေးသောက်ရန်မှာ ဆေးယဉ်ပါးတဲ့ တီဘီမဖြစ်ပေါ်စေရေးအတွက် အရေးကြီးပါတယ်။

အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းအနေဖြင့် ၂၀၁၀ ခုနှစ်အတွက် တွေ့ရှိလာတဲ့ တီဘီလူနာအားလုံး တီဘီ/အိပ်ချ်အိုင်ဗွီ လူနာများ အပါအဝင် ၁၃၀၀၀၀ စာကို တီဘီဆေးဝါး အခမဲ့ကုသနိုင်အောင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်အတွက်လည်း တီဘီလူနာ ၁၄၀၀၀၀ စာ ဆေးဝါးများရရှိရန်နှင့် ၂၀၁၂ ခုနှစ်အတွက် အပိုဆောင်းဆေးဝါးများအပါအဝင် ၂၄၀၀၀၀ စာ အလုံအလောက်ရရှိရန် စီစဉ်ဆောင်ရွက်ထားပါတယ်။ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေး စီမံကိန်းသည်

စာမျက်နှာ ၇ ကော်လံ ၁ သို့

ဇယား-၁ တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ ထောင်စုနှစ်ရည်မှန်းချက်အညွှန်းကိန်းများ

	အညွှန်းကိန်းအမှတ်စဉ်	အခြေခံနှစ်	၂၀၀၀	၂၀၀၃	၂၀၀၄	၂၀၀၅	၂၀၀၆	၂၀၀၇	၂၀၀၈	၂၀၀၉	၂၀၁၅ ရည်မှန်းချက်
၂၃	**တီဘီဖြစ်ပွားနှုန်း၊ သေဆုံးနှုန်း**										
	တီဘီဖြစ်ပွားနှုန်း(လူတစ်သိန်းတွင် တီဘီဖြစ်ပွားသူဦးရေ)	၄၁၉ (၁၉၉၀)	၁၈၂	၁၈၀	၁၈၀	၁၇၁	၁၆၉	၁၆၂			၂၁၀
	တီဘီသေဆုံးနှုန်း(လူတစ်သိန်းတွင် တီဘီကြောင့် သေဆုံးသူဦးရေ)	၅၀ (၁၉၉၀)	၂၇	၂၁	၂၁	၁၅	၁၃	၁၃			၂၅
၂၄	**'တိုက်ရိုက်ကြည့်ရှုအချိန်တိုကုထုံး'ဖြင့် တီဘီရောဂါရှာဖွေတွေ့ရှိနှုန်း၊ ဆေးကုသပျောက်ကင်းနှုန်းနှင့် ဆေးကုသအောင်မြင်နှုန်း**										
	တီဘီရောဂါရှာဖွေတွေ့ရှိနှုန်း(%)	၃၈ (၁၉၉၀)	၅၁	၈၃	၈၃	၉၅	၈၆	၈၉	၉၀	၉၄	အနည်းဆုံး ၇၀%
	ဆေးကုသပျောက်ကင်းနှုန်း(%)	၆၁ (၁၉၉၄)	၇၂	၇၂	၇၅	၇၈	၇၈	၇၈	၇၇	၇၈	အနည်းဆုံး ၈၅%
	ဆေးကုသအောင်မြင်နှုန်း(%)	၇၈ (၁၉၉၄)	၈၂	၈၂	၈၄	၈၅	၈၅	၈၅	၈၅	၈၅	အနည်းဆုံး ၈၅%

ဝန်ကြီး ဦးလှထွန်း စင်ကာပူသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် စင်ကာပူသမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး သာမန်ရှန်းမူဂါရတ်နမ်၏ ဖိတ်ကြားချက်အရ ဇွန် ၂၈ ရက်မှ ၂၉ ရက်အထိ စင်ကာပူ သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။

ဝန်ကြီး ဦးလှထွန်းသည် အဖွဲ့ဝင်များနှင့်အတူ ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးရုံး၌ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး သာမန်ရှန်းမူဂါရတ်နမ်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါ နှစ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးများ ဆွေးနွေးပွဲမတိုင်မီ ဝန်ကြီး ဦးလှထွန်းသည် ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံ ပြည်တွင်းအခွန်များ အာဏာပိုင်အဖွဲ့ရုံးချုပ်၌ ပြည်တွင်းအခွန်များ အာဏာပိုင်အဖွဲ့မှ ကော်မရှင်နာ မစ္စတာမိုဇက်လီက အခွန်စီမံခန့်ခွဲမှုဆိုင်ရာများကို လည်းကောင်း၊ အကောက်ခွန်ဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာဖောင်ယောင်ကီးယန်းက အကောက်ခွန် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် စင်ကာပူနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ညနေပိုင်းတွင် Suntec Convention Center ၌ ကျင်းပသော ကမ္ဘာ့မြို့တော်များ ညီလာခံဖွင့်ပွဲနှင့် နိုင်ငံတကာ ရေအရင်းအမြစ်ဆိုင်ရာပြပွဲများသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ဇွန် ၂၉ ရက် မွန်းလွဲပိုင်းတွင် စင်ကာပူနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် မစ္စတာပီတာအောင်းက ဘဏ္ဍာရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ငွေကြေးအာဏာပိုင်အဖွဲ့မှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး မစ္စတာအောင်ချောင်တီးက ငွေကြေးမူဝါဒနှင့် အာမခံလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် အဖွဲ့ဝင်များလိုက်ပါလျက် စင်ကာပူစတော့အိတ်ချိန်းသို့ရောက်ရှိရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဆွေးနွေးခဲ့သည်။

ပြန်လည်ရောက်ရှိ

ဝန်ကြီး ဦးလှထွန်းသည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိပြီး အဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို ဇွန် ၁၄ ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းလှိုင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ရှမ်းပြည်နယ် (မြောက်ပိုင်း) ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ရှမ်းပြည်နယ်(မြောက်ပိုင်း)ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ဇွန် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲ၊ မူဆယ်၊ လောက်ကိုင်နှင့် ကွမ်းလုံခရိုင်တို့ရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌသည် ဇွန် ၂၈ ရက် နံနက် ၁၀ နာရီတွင် ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျောက်မဲခရိုင် ကျောက်မဲ၊ သီပေါ၊ နောင်ချိုနှင့် နမ္မတူမြို့နယ်တို့မှ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် လည်းကောင်း၊ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မိုးမိတ်မြို့ မြို့တော်ခန်းမ၌ မိုးမိတ်နှင့် မဘိမ်းမြို့နယ်တို့မှ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် လည်းကောင်း၊ ညနေ ၃ နာရီ ၁၅ မိနစ်တွင် နမ့်ဆန်မြို့ မြို့တော်ခန်းမ၌ နမ့်ဆန်မြို့နှင့် မန်တုံမြို့နယ်တို့မှ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များနှင့် လည်းကောင်း၊ ဇွန် ၂၉ ရက် နံနက် ၉ နာရီတွင် မူဆယ်မြို့ မြို့နယ်ခန်းမ၌ မူဆယ်ခရိုင်၊ မူဆယ်၊ နမ့်ခမ်းနှင့် ကွတ်ခိုင်မြို့နယ်တို့မှ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် လောက်ကိုင်မြို့ အမှတ်(၁) ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ လောက်ကိုင်ခရိုင် လောက်ကိုင်နှင့် ကုန်းကြမ်းမြို့နယ်တို့မှ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ ကွမ်းလုံခရိုင်၊ ကွမ်းလုံနှင့် ဟိုပန်မြို့နယ်တို့မှ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် လည်းကောင်းတွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပသည်။

တွေ့ဆုံပွဲများတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားပြီး သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက မိမိတို့ခရိုင်နှင့် မြို့နယ်များအလိုက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ တွေ့ဆုံပွဲများကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❁စာမျက်နှာ ၆ မှ

တီဘီဆေးဝါးများကို ဖြန့်ဖြူးရာတွင် မြို့နယ်အဆင့်သို့ဖြန့်ဖြူးသည့်အပြင် မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံဆရာဝန်အသင်းမှ တစ်ဆင့် မြို့နယ် ၇၀ တွင်လည်းကောင်း၊ Population Services International (PSI) မှတစ်ဆင့် ၁၆၆ မြို့နယ်တွင်လည်းကောင်း၊ သင်တန်းပေးပြီးသော အထွေထွေရောဂါကုဆရာဝန် ၁၅၀၀၏ ဆေးခန်းများသို့ ဖြန့်ဖြူး၍ တီဘီလူနာများအား လွယ်လင့်တကူမှတ်ပုံတင် ဆေးကုသနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် တီဘီ/အိပ်ချ်အိုင်ဗွီ ဒွန်တွဲခံစားနေရတဲ့ လူနာများကို ဦးစားပေးကုသနေသော Medecins Sans Frontieres - Holland (AZG) ဆေးခန်းများသို့လည်း သုံးလတစ်ကြိမ် ဆေးဝါးထောက်ပံ့ဆောင်ရွက်လျက်ရှိပါတယ်။

ယခုလို တီဘီဆေးဝါးအလုံအလောက်ရှိပြီး ရှာဖွေတွေ့ရှိတဲ့ တီဘီလူနာများအားလုံးကို ကုသနိုင်စွမ်းရှိချိန်မှာ မြန်မာနိုင်ငံမှာရှိသမျှ တီဘီလူနာများအားလုံးကို အခမဲ့ရောဂါကုသပျောက်ကင်းစေချင်ပါတယ်။

တီဘီဆေးအကြောင်းပြောရင်း တီဘီဆေးမတိုးတဲ့၊ တီဘီဆေးယဉ်ပါးမှုကလည်း ပြဿနာတစ်ရပ်ဖြစ်တဲ့အတွက် ၂၀၀၇-၂၀၀၈ ခုနှစ် တီဘီဆေးယဉ်ပါးမှုအခြေအနေစစ်တမ်းကို တင်ပြရလျှင် တီဘီပိုးရဲ့ ပင်ကိုမျိုးရိုးဗီဇပြောင်းလဲမှုကြောင့် သို့မဟုတ် တီဘီဆေးယဉ်နေတဲ့လူနာမှ ကူးစက်ခံရခြင်းကြောင့် ဖြစ်တဲ့ဆေးယဉ်ခြင်းကို သလိပ်ပိုးတွေ့ တီဘီလူနာအသစ် ၁၀၀မှာ လေးဦးရှိကြောင်း တွေ့ရှိရပါတယ်။ ယခင် တီဘီဆေးကုသခဲ့စဉ်က လိုအပ်သည့်ဆေးပမာဏနှင့် ဆေးကုထုံးမှန်ကန်တိကျစွာ မသောက်ခဲ့ခြင်း၊ ဆေးကိုဆေးပတ်လည်သည့်ကာလအထိ ပြည့်ပြည့်ဝဝမသောက်ခဲ့ခြင်း၊ ဆေးသောက်ရန် ခဏခဏပျက်ကွက်ခဲ့ခြင်းတို့ကြောင့်ဖြစ်တဲ့ ဆေးယဉ်ခြင်းကို တီဘီလူနာဟောင်း ၁၀၀ မှ ၁၀ ဦး ဖြစ်ပွားခံစားရကြောင်း တွေ့ရှိခဲ့ရပါတယ်။

ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုဖြင့် ဆေးယဉ်ပါးသော တီဘီလူနာများကို တီဘီရောဂါကုဆေးရုံကြီး နှစ်ခုဖြစ်တဲ့ ရန်ကုန်မြို့(အောင်ဆန်း)နှင့် မန္တလေးမြို့(ပုသိမ်ကြီး)တို့မှာ ၂၀၀၉ ခုနှစ်မှ စတင်ကုသပေးနေပြီဖြစ်ပါတယ်။ ဒီဆောင်ရွက်နိုင်မှုဟာလည်း အရှေ့တောင်အာရှ ၁၁ နိုင်ငံအနက် ဆေးယဉ်ပါးတဲ့တီဘီလူနာများကို ကုသမှုပေးနိုင်တဲ့ ခြောက်နိုင်ငံမှာ ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဆေးယဉ်ပါးတဲ့တီဘီကုသမှုသည် ၂၄ လကြာမြင့်ပြီး လူနာတစ်ဦးလျှင် ဆေးဖိုးကျပ်သိန်း ၆၀ ခန့်ကုန်ကျမှာဖြစ်လို့ ရှိတဲ့စွမ်းအားအရင်းအမြစ်များအပေါ် မူတည်ပြီး လူနာဦးရေတိုးမြှင့်ကုသရန် စီမံချက်ဖြင့်ဆောင်ရွက်လျက်ရှိပါတယ်။ ကုသသည့် လူနာများ ပျောက်ကင်းပါမှ အခြားသူများအားကူးစက်မှုကို တားဆီးနိုင်မှာဖြစ်လို့ လူနာနှင့် လူနာရဲ့ မိသားစုအနေဖြင့် လူနာဆေးကုသမှုမှန်ကန်ရေး၊ သတ်မှတ်အချိန်ကာလအထိကုသနိုင်ရေး၊ အာဟာရပြည့်အောင် စောင့်ရှောက်ပေးရေး၊ နှစ်သိမ့်ဆွေးနွေးပေးနိုင်ရေးနှင့် မကူးစက်အောင် ကာကွယ်ရေး (Infection Control)ကို ဆောင်ရွက်ရန်လိုအပ်သလို လူမှုရေးအဖွဲ့အစည်းများမှလည်း ပါဝင်ကူညီပံ့ပိုးပေးရန် လိုအပ်ပါတယ်။

နိုင်ငံတော်က ဦးစားပေးကျန်းမာရေးပြဿနာအဖြစ် တိုက်ဖျက်နေတဲ့ တီဘီရောဂါတိုက်ဖျက်ရေးနည်းဗျူဟာကတော့ တီဘီရောဂါဖြစ်တဲ့လူနာတိုင်းကို စောစောစီးစီးတွေ့အောင်ရှာ၊ အမြန်ဆုံးပျောက်အောင် ကုသမှုပေးဖို့ပဲဖြစ်ပါတယ်။ လူနာ သို့မဟုတ် ကျန်းမာရေးဝန်ထမ်း တစ်ဖက်ဖက်ကပေါ့ဆလို့ ရောဂါပျောက်အောင် မကုသနိုင်ခဲ့လို့ရှိရင်၊ ကုသရင်း ဆေးယဉ်တဲ့လူနာများဖြစ်သွားရင် လူနာတွေရှုနေတဲ့ လေထုထဲကို ဆေးမတိုးတဲ့တီဘီပိုးတွေ ရောက်လာမှာပါ။ ဒါကို တားဆီးဖို့ကတော့ လူနာသာမက၊ ကျန်းမာရေးဝန်ထမ်းများသာမက ပြည်သူတိုင်းမှာ တာဝန်ရှိပါတယ်။ ရှိနေတဲ့တီဘီဆေးနှင့် ပျောက်ကင်းအောင်ကုသနိုင်ချိန်မှာ ပျောက်ကင်းအောင်ကုသပြီး ဆေးယဉ်ပါးမှုကို မဖြစ်ပေါ်ရန်ကာကွယ်ရပါမယ်။

ဒီတီဘီရောဂါကို လျင်လျင်မြန်မြန် စမ်းသပ်ရှာဖွေနိုင်ရန် ကမ္ဘာမှာ ရောဂါရှာဖွေရေးနည်းလမ်းသစ်တွေ ရှာဖွေနေစဉ်၊ ၆လ-၈လမကြာဘဲ ရောဂါကုသဖို့ ဆေးဝါးသစ်၊ ကုထုံးနည်းသစ်တွေ ရှာဖွေနေစဉ်၊ ကာကွယ်ရန် ကာကွယ်ဆေးနည်းသစ်တွေ စမ်းသပ်ဖော်ထုတ်နေစဉ် တီဘီရောဂါတိုက်ဖျက်ဖို့ ဘာတွေလုပ်နိုင်မလဲ၊ **အားလုံးဆောင်ရွက်နိုင်တာကတော့ ပြည်သူလူထုပါဝင်မှုကို ပိုမိုပြည့်ပြည့်ဝဝဆောင်ရွက်မှု ရရှိစေနိုင်မယ့် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်ဖြစ်ပါတယ်။**

ပြည်သူလူထုထဲမှာ တီဘီရောဂါဖြန့်ဖြူးနေသူများဖြစ်တဲ့ တီဘီလူနာများ၊ တီဘီသံသယလက္ခဏာဖြစ်သော ချောင်းဆိုးရက် သုံးပတ်ကျော်နေသူများကို စောစောရှာဖွေကာ ကျန်းမာရေးဌာနများသို့ ညွှန်းပို့ပြီး တီဘီရောဂါရှာဖွေစမ်းသပ်စေရန်၊ သလိပ်နမူနာသုံးခွက်စစ်ဆေးစေရန်၊ ရောဂါရှိလျှင် မြန်မြန်ဆေးကုသမှု ရရှိအောင်ဆောင်ရွက်ပေးရန်၊ “တိုက်ရိုက်ကြည့်ရှု ဆေးတိုက်ကျွေး”ပေးရန် ဆေးသောက်ပျက်ကွက်သူကို အမြန်ဆုံးပြန်ခေါ်ဆောင်ပြီး ဆေးဆက်သောက်စေရန်၊ ရောဂါကာကွယ်ရေးအနေနှင့် လူနာရဲ့မိသားစုဝင်များကို တီဘီရောဂါလက္ခဏာရှိ၊ မရှိ စမ်းသပ်ပေးရန်၊ ထိရောက်တဲ့ ကျန်းမာရေးပညာပေးခြင်း၊ အိမ်တိုင်ရာရောက်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို ဆောင်ရွက်ရန်ဖြစ်ပါတယ်၊ ဒါတွေကို ကျန်းမာရေးဝန်ထမ်းများအပါအဝင် တောရွာမြို့နေ ပြည်သူလူထုအားလုံးရဲ့ အမျိုးသားရေးတာဝန်လို့ သတ်မှတ်ပြီးဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဒီနည်းလမ်းက အမျိုးသားကျန်းမာရေးပြဿနာဖြစ်တဲ့ တီဘီရောဂါကို ပြည်သူတစ်ဦးချင်းစီရဲ့ ကျန်းမာရေးပြဿနာအဖြစ်ခံယူပြီး စုပေါင်းတာဝန်ယူဖြေရှင်းစေခြင်းနည်း(Community empowerment in TB Control) ဖြစ်ပါတယ်။ လူထုက တာဝန်သိစိတ်နှင့် ဆောင်ရွက်နေလျက်ရှိပါတယ်။ ဒါပေမယ့် အရှိန်အဟုန်မြှင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။

ဒါကြောင့် လူထုအထဲမှ တီဘီလူနာများအား ပြည်သူလူထုနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းစွမ်းအားနှင့် ရှာဖွေဖော်ထုတ်ကုသပေးကာ ကျွန်မတို့ရှုနေတဲ့ ပတ်ဝန်းကျင်လေထု သန့်ရှင်းနေအောင် နောင်အနာဂတ်ကာလမှာ တီဘီရောဂါကင်းဝေးရေးအတွက် ရည်မှန်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ။

မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၄

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၂၅)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Groupမှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တွေ့ဆုံမေးမြန်းထားသည့် “အိမ်ရာမြေဈေးကွက်အကျပ်အတည်းကို ဘယ်လိုဖြေရှင်းကျော်လွှားသလဲ၊ အိမ်ရာမြေဈေးကွက်ဖွံ့ဖြိုးအောင် ဘယ်လိုလုပ်သလဲ၊ အိမ်ခန်းတွေလိုသလား ပိုသလား၊ ၂၀၂၀ ပြည့်နှစ်တွင် ရန်ကုန် လူဦးရေ ၁၀ သန်း ရှိမည်ဟုခန့်မှန်းသည့်အတွက် တစ်နှစ်အခန်းနှစ်သိန်းလိုမည်လား၊ ရန်ကုန်မြို့ကို ထပ်ချဲ့ဖို့ လိုသလား၊ ရန်ကုန်မြို့လယ်နှင့် မြို့ပြင်ပြဿနာဘယ်လိုဖြေရှင်းမလဲ၊ အိမ်ရာမြေကို အကဲဖြတ်ရာတွင် LDPPP ဆိုတာဘာလဲ” မျက်နှာဖုံးသတင်းဆောင်းပါး၊ လူထုစိန်ဝင်း၊ မောင်ဝံသ၊ ကိုကိုလှိုင်၊ ထွန်းနေဦး၊ ဒေါက်တာအောင်ကိုကို(စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)တို့၏ လေ့လာမှတ်သားဖွယ်ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့ပြင် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မောင်စူးစမ်း၏ “ရွေးကောက်ပွဲစိတ်ဝင်စားမှုကာလခြား”နှင့် မောင်မောင်စိုး၏ “စည်းရုံးလှုပ်ရှားနိုင်ငံရေးပါတီများ”ဆောင်းပါးတို့ကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်း ပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှားထူးခြားဖြစ်ရပ်များ စသည့်ကဏ္ဍများကို ဝေဝေဆာဆာဖော်ပြထားသည်။

ထို့ပြင် “ဝန်ထမ်း ၁၃၄ ဦးဖြင့် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးစက်ရုံမှ တစ်နှစ်လျှင် ကာကွယ်ဆေးအလုံးရေ သုံးသိန်းထုတ်လုပ်ဖြန့်ချိလျက်ရှိ”၊ “သီရိမင်္ဂလာကုန်စိမ်းဈေးသစ်ကြီးဈေးရုံကိုးရုံ ကွန်ကရစ်ကြမ်းခင်းရာနှုန်းပြည့်ပြီးစီး၊ အမိုးအကာသံပေါင်လုပ်ငန်း ရာခိုင်နှုန်း ၆၀ ရောက်ရှိ၊ နေ့စဉ်လုပ်သားအင်အား ၉၀၀ကျော်ဖြင့် နေ့ဆိုင်းညဆိုင်းခွဲ၍ တည်ဆောက်နေသဖြင့် ဆိုင်ခန်းပေါင်း ၂၀၉၃ခန်း မကြာမီဖွင့်လှစ်နိုင်တော့မည်၊ “လေးလမ်းသွားဗဟိုလမ်းမကြီးကို ကိုးလက်မဒု ကွန်ကရစ်လမ်းအဖြစ် အစားထိုးပြုပြင်သွားမည်”၊ ကမာရွတ်မြို့နယ် ခိုင်ရွှေဝါလမ်း(ဗဟိုလမ်း)အပိုင်းကို စတင်ခင်းနေပြီ၊ ရေတင်မှုမရှိရန် မြေအောက်ရေမြောင်းကိုလည်း တိုးချဲ့ပြုပြင်မည်၊ “အကြီးစားမော်တော်ယာဉ်စီးရေ ၁၀၀၀ ကို အိန္ဒိယနိုင်ငံ Tata Mortors Ltd.နှင့် နှစ်စဉ်ပူးပေါင်းထုတ်လုပ်မည်၊ တရုတ်နိုင်ငံ China New Era International Inc. နှင့် ပူးပေါင်း၍ Gear Box အစုံ ၇၀၀ နှစ်စဉ်ထုတ်လုပ်မည်”၊ “ကိုရီးယား KOICAနှင့် ပူးပေါင်း၍ မော်တော်ယာဉ်ဆိုင်ရာကျွမ်းကျင်သူများ လေ့ကျင့်မွေးထုတ်ပေးမည်” စသည့် စိတ်ဝင်စားဖွယ် သတင်းများပါရှိသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဝန်ကြီး ဦးမောင်မောင်ဆွေ တက်ရောက်ပြီး အထိမ်းအမှတ်သစ်ပင်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၄

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန စိုက်ခင်း၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ဇနီး ဒေါ်တင်တင်နွဲ့၊ ဒုတိယဝန်ကြီး ဦးကျော်မြင့်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်နှင့် ဇနီး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် ဇနီး၊ ဝန်ကြီးရုံးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးနှင့် ဇနီးတို့က အထိမ်းအမှတ် ခရေပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများက သတ်မှတ်နေရာအသီးသီး၌ သစ်ပင်ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းများ သစ်ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ခရေ၊ မဟော်ဂနီ၊ ကံ့ကော်၊ ကျွန်း၊ပျဉ်းကတိုး၊ မဲဇလီ၊ တမာ၊ မန်ကျည်း ပျိုးပင်စုစုပေါင်း ၁၂၀၀ စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးသည့် ကျောက်တံတား၊ ဒဂုံ၊ ပန်းဘဲတန်း မြို့နယ်များရှိ ရပ်ကွက် ကော်မရှင် အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇူလိုင်၃ ရက်က ပန်းဘဲတန်းမြို့နယ် အထက(၁) ဧကရီခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကို အမှာစကားပြောကြားစဉ်။

(၁၉)

မြဝတီမြို့ ဘုရင့်နောင်ဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်မီးသွယ်တန်းထားရှိမှုစနစ်များကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

နေပြည်တော်ပျဉ်းမနား ဇူလိုင် ၄

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇွန် ၂၈ ရက်က နေပြည်တော်ပျဉ်းမနားမြို့နယ် ညောင်ပင်သာရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ အခမ်းအနားသို့ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးတပ်ခွဲ(၁)မှ ရဲအုပ် စိုးမြင့်ဦးက ခရိုင်အတွင်း ဖြစ်ပေါ်ခဲ့သည့် ယာဉ်မတော်တဆမှုများ၊ ဒဏ်ရာရ သေဆုံးမှုအခြေအနေများနှင့် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ်များကို ရှင်းလင်းဟောပြောသည်။

ဟောပြောပွဲသို့ နေပြည်တော်ပျဉ်းမနားမြို့နယ် ညောင်ပင်သာရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြွယ်ကြွယ်နှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ညောင်ပင်သာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ပြီး တက်ရောက်လာကြသူများအား နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

(ခရိုင်ပြန်/ဆက်)

(၁၈)ကြိမ်မြောက် ခွဲစိတ်ကုဆရာဝန်များ ညီလာခံကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ခွဲစိတ်ကုဆရာဝန်များအဖွဲ့က (၁၈)ကြိမ်မြောက် ခွဲစိတ်ကုဆရာဝန်များညီလာခံကို နိုဝင်ဘာ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်များတွင် ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါညီလာခံသို့ ခွဲစိတ်ကုဆရာဝန်များနှင့် စိတ်ပါဝင်စားသောဆရာဝန်များ တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၇-၂၀၁၀ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ရတနသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"သီလတန်ဖိုး"တရားတော် (ဆရာတော်ဘဒ္ဒန္တနာရဒ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၇)**
၈း၃၀	သာသနာ့ကောင်းကင်ယံက ဓမ္မကထိကကြယ်စင်များ
၈း၄၅	ဗညားဟန်၏ဆုတောင်းပြည့်ချိန် တေးစီးရီးမိတ်ဆက်ပွဲ
၉း၀၀	Activities In The City (တွဲလက်ညီညာစုစည်းလို့ စွမ်းရည်မြှင့်တင်ကြပါစို့)
၉း၂၀	ရာသီဥတုပြောင်းလဲခြင်းနှင့် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု
၉း၄၀	Global Panorama
၁၀း၃၅	အဖိုးတန်သောသဘာဝ သယံဇာတမြေ ဟူးကောင်း
၁၀း၅၀	International Show Biz
၁၁း၀၅	ယဉ်ကျေးသွင်ပြင်ဝတ်စားဆင် ပိုးချိတ်အသွင်
၁၁း၂၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ဂေါ်ဖီထုပ်အစိမ်းအစာသွတ် ပြုလုပ်နည်း၊ ခရမ်းသီးပေါင်း ပြုလုပ်နည်း)
၁၁း၄၀	အလှကြွယ်တဲ့မြို့ပျော်ဘွယ်
၁၁း၅၅	Celebrity Choice (ဟဲလေး)
၁၂း၂၅	ရွှေဖြူ၏အလေအလွင့်များမှသည် စက်မှုစွမ်းအားဖြင့် ခရမ့်ရော်ဘာဆီသို့
၁၂း၄၀	ကလေးများအတွက်အကောင်းဆုံး (ရီဝေယံ၊ မင်းရာဇာ၊ အကယ်ဒမီ ပန်းဖြူ၊ ကလေးသရုပ်ဆောင်-ဖြိုးသူရကျော်) (ဒါရိုက်တာ-မင်းစိုးသီဟ)
၁း၀၀	"သီလတန်ဖိုး"တရားတော် (ဆရာတော်ဘဒ္ဒန္တနာရဒ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	Mnet Asian Music Awards 2009
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၇)**
၄း၂၀	မြန်မာ့ "အိုး"
၄း၂၅	သာသနာ့ကောင်းကင်ယံက ဓမ္မကထိကကြယ်စင်များ
၄း၄၀	ဖန်တီးသူ၏ ပညာစွမ်းမှသည်. . . လှပသောဘဝများဆီသို့
၅း၀၀	စာအုပ်ပြခန်း [မြန်မာ့ကြေးခေတ်ယဉ်ကျေးမှု သုတေသနခရီးစာအုပ်ကို ရေးသားသူ ဆရာဦးစန်းဝင်း (ရှေးဟောင်းသုတေသန)နှင့် တွေ့ဆုံခြင်း]
၅း၂၀	ရာသီဥတုပြောင်းလဲခြင်းနှင့် ကျန်းမာရေးအပေါ်အကျိုး သက်ရောက်မှု
၅း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	International Show Biz
၆း၃၅	အနုပညာမိုးကောင်းကင်
၇း၀၀	Celebrity Choice (ဟဲလေး)
၇း၂၅	သဘာဝကပေးတဲ့ အကျိုးအာနိသင် (လူ့ရှင်တော်လည်းလူသားပါ) (အောင်သော်၊ မျောက်ရှုံး၊ စံလင်း၊ ကြာစိ၊ ကျင်ဝှက်၊ ခါလေး) [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
၈း၀၀	MRTV-4 သတင်း
၈း၃၀	Mnet Asian Music Awards 2009
၉း၃၀	**MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၇)**
၁၀း၀၀	Activities In The City (တွဲလက်ညီညာစုစည်းလို့ စွမ်းရည်မြှင့်တင်ကြပါစို့)
၁၀း၁၅	Sports World
၁၀း၄၀	ဗညားဟန်၏ဆုတောင်းပြည့်ချိန် တေးစီးရီးမိတ်ဆက်ပွဲ
၁၁း၀၀	အနုပညာမိုးကောင်းကင်
၁၁း၂၅	Hair Style For All (အမျိုးသမီး)
၁၁း၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၅၅	သဘာဝကပေးတဲ့ အကျိုးအာနိသင် (လူ့ရှင်တော်လည်းလူသားပါ) (အောင်သော်၊ မျောက်ရှုံး၊စံလင်း၊ ကြာစိ၊ ကျင်ဝှက်၊ ခါလေး) [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
၁၂း၁၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မသန်စွမ်းသူများအတွက် ဖွဲ့စည်းတည်ထောင်ထားသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ ဦးရဲမြင့်၊ ဒေါက်တာ ပန်ဒိုရာအောင်ကြီး(ကုမုဒြာ အထူးကုဆေးခန်း)တို့က ငွေကျပ် သုံးသိန်းကို လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ ဖောင်ဒေးရှင်းရုံးခန်းသို့ လာရောက်လှူဒါန်းရာ ရွှေမင်းသားဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမြတ်သူဝင်း လက်ခံစဉ်။

(ကြေးမုံ)

ရှေးဟောင်း သမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၄

ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော ရှေးဟောင်း သမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင် ဦးချစ်စံဝင်းနှင့် ဦးကျော်ငြိမ်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ ပါမောက္ခချုပ်များ၊ စာတမ်းရှင်များ၊ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသော ဧည့်သည်များ၊ သုတေသီပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၀၈ ခုနှစ် ဖွန်လမှစ၍ ဦးစီးဌာနအလိုက် စာတမ်းဖတ်ပွဲများကို ခိုင်မာသည့် ရည်ရွယ်ချက်များ ချမှတ်ကျင်းပပေးခဲ့ရာ ယခုစာတမ်းဖတ်ပွဲသည် (၁၇)ကြိမ်မြောက် ဖြစ်သကဲ့သို့ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၏ ဆဋ္ဌမအကြိမ်မြောက် စာတမ်းဖတ်ပွဲလည်းဖြစ်ကြောင်း။

နိုင်ငံတကာ ပရိုင်းမိတ် ပညာရှင်များနှင့် မြန်မာပညာရှင်များ ပူးပေါင်းကွင်းဆင်း သုတေသနပြုမှုများက "မြန်မာအစ မြန်မာက" ဆိုသည်ကို မှတ်တမ်းတင် နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပုံတောင်ကျောက်လွှာတွင် တွေ့ရှိခဲ့သည့် ပုံတောင်ဂျီးယားစ် ပရိုင်းမိတ်များ၏ လိုအပ်နေသေးသော ဦးခေါင်းနှင့် အခြားအစိတ်အပိုင်းများကို ပိုပြီးပြည့်ပြည့်စုံစုံရရှိအောင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ နှစ်စဉ် ဆက်လက်ရှာဖွေလေ့လာ သုတေသနပြုလျက်ရှိကြောင်း၊ ၂၀၀၇ ခုနှစ်မှစ၍ ကျောက်ခေတ်လယ် သုတေသနလုပ်ငန်းကို စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံအလယ်ပိုင်း၌ ကျောက်ခေတ်လယ် ယဉ်ကျေးမှု ထွန်းကားခဲ့ကြောင်းကို အထောက်အထားများဖြင့် တွေ့ရှိခဲ့ပြီး သုတေသနစာတမ်းသုံးစောင်လည်း ဖတ်ကြားခဲ့ပြီးဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်တို့တွင် ကြေးခေတ်နှင့် သံခေတ်ယဉ်ကျေးမှု အထောက်အထားများကို လွန်ခဲ့သည့် ဆယ်စုနှစ်ကာလအတွင်း သုတေသနပြုတွေ့ရှိခဲ့ပြီး ဖြစ်သကဲ့သို့ ဆက်လက်၍လည်း နှစ်စဉ်လေ့လာ သုတေသနပြုနေကြောင်း၊ ပရိုင်းမိတ်၊ ကျောက်ခေတ်လယ်၊ ကြေးခေတ်၊ သံခေတ်သုတေသနပြု တွေ့ရှိချက်များမှာ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့သမိုင်းစဉ်အတွက် ခိုင်မာသည့် အဖိုးတန်အထောက်အထားများဖြစ်ကြောင်း။

လူသားမျိုးနွယ်အစ ဖြစ်တည်ထွန်းကားလာမှုမှစပြီး သမိုင်းအကြိုခေတ်၊ ပျူယဉ်ကျေးမှု ထွန်းကားခဲ့ရာကာလ၊ ထိုမှတစ်ဆင့် ယနေ့ခေတ်ကာလအထိ မြန်မာ့သမိုင်းကြောင်းကို ခေတ်စဉ်အတိုင်း လေ့လာသုတေသနပြုနိုင်ခြင်းအားဖြင့် မြန်မာလူမျိုးများသည် မြန်မာ့မြေ၊ မြန်မာ့ရေပေါ်တွင် ပေါက်ဖွားရှင်သန် လှည့်လည်နေထိုင်ခဲ့ကြသည့် မြန်မာတို့၏ ဇာစ်မြစ်၊ မြန်မာတို့၏ ဇာတိနှင့်အတူ မြန်မာ့ယဉ်ကျေးမှုသမိုင်း ခိုင်မာမှုကို ထုတ်ဖော်တင်ပြနိုင်ခဲ့သည့်အတွက် အလွန်အရေးပါလှကြောင်း။

ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် ယခုကဲ့သို့ စာတမ်းဖတ်ပွဲများကို ကျင်းပရခြင်းမှာ ရှေးဟောင်းသုတေသနဆိုင်ရာ အသစ်တွေ့ရှိချက်များအပေါ် လေ့လာသုံးသပ်ဆင်ခြင်ပြီး တိကျခိုင်မာသည့် မြန်မာ့သမိုင်းစဉ်ကို ဖော်ထုတ်ရေးသား မှတ်တမ်းတင်နိုင်ရန်ဖြစ်ကြောင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မမေ့မလျော့ဘဲ စွဲမြဲမှတ်ယူထားရန်လိုအပ်ကြောင်း စသည်ဖြင့် တိုက်တွန်းမှာကြားပြီး သုတေသန စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရှေးဟောင်း သုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စာတမ်းဖတ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ အလှည့်ကျသဘာပတိများအဖြစ် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင် ဦးချစ်စံဝင်းနှင့် ဦးကျော်ငြိမ်းတို့က အလှည့်ကျသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

စာတမ်းဖတ်ပွဲတွင် ပြည်ပပညာရှင် Dr.Elizabeth Moore က " Classifying Thagara and Dawei Ancient Cultural Regions" စာတမ်းကိုလည်းကောင်း၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးညွန့်က "ပင်လယ်မြို့ဟောင်း၏ ပျူခေတ်ဆိုင်ရာ အထောက်အထားများ လေ့လာချက်" စာတမ်းကိုလည်းကောင်း၊ ရှေးဟောင်းသုတေသန နည်းပညာ သင်တန်းကျောင်း (ပြည်)မှ ကျောင်းအုပ်ကြီး ဦးသိန်းလွင်က "ဗိဿနိုးမြို့ဟောင်း တူးဖော်မှု (၂၀၀၉) နှင့် ထူးခြားသော တွေ့ရှိချက်များ" စာတမ်းကိုလည်းကောင်း၊ အမျိုးသားစာကြည့်တိုက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းထွန်းက "အမျိုးသားစာကြည့်တိုက်နှင့် အမျိုးသားပြတိုက်တို့ရှိ စာပေနှင့် ပြသပစ္စည်းအထောက်အထားများမှ ပျူခေတ်စာပေနှင့် အနုပညာလက်ရာ ပစ္စည်းများ လေ့လာချက်" စာတမ်းကိုလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာကြသော ပညာရှင်များ၊ ဧည့်သည်တော်များ၊ သုတေသီများ၏ ဆွေးနွေးအကြံပြု မေးမြန်းကြသည်တို့ကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ဝန်ကြီး ဦးခင်အောင်မြင့်က စာတမ်းများအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားပြီး စာတမ်းဖတ်ပွဲကို ညနေ ၄ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

အမှာစကား ပြောကြား

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် ရှေးဟောင်းသမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

လူငယ်သင်တန်းကျောင်းရှိ ကျောင်းသားများ ဆံသအတတ်ပညာများ လက်တွေ့ဆောင်ရွက်နေစဉ်။

❀ ကျောဖုံးမှ

ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၈ ကျောင်းကို ပူတာအို၊ မြစ်ကြီးနား-၁၊ ၂၊ ဗန်းမော်၊ လားရှိုး၊ ကွမ်းလုံ၊ တန့်ယန်း၊ ကျိုင်းတုံ၊ လွယ်မွေ၊ ပင်လုံ၊ လွိုင်ကော်၊ ဘားအံ၊ ကျားကျောင်း၊ စစ်တွေ၊ ပခုက္ကူ၊ မင်းတပ်-၁၊ ၂၊ မတူပီ၊ ကန်ပက်လက်၊ ကလေး၊ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ခန္တီး၊ လေရှီးနှင့် လဟယ်မြို့တို့တွင် ဖွင့်လှစ်၍ တိုင်းရင်းသား၊ တိုင်းရင်းသူ လူငယ်များကို အသိပညာ၊ အတတ်ပညာများ သင်ကြားပေးလျက်ရှိပါသည်။ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၏ ရည်ရွယ်ချက်များမှာ-

(က) တိုင်းရင်းသား လူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံး ချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲသည့် လူငယ်များ ဖြစ်လာစေရန်၊

(ခ) ပြည်ထောင်စု တိုင်းရင်းသားလူငယ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သော လူငယ်များ ဖြစ်လာစေရန်၊

(ဂ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများကို သိရှိနားလည် ထိန်းသိမ်းသွားစေရန်၊

(ဃ) နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ဆောင်ရွက်လိုသည့် စိတ်ဓာတ်မွေးမြူပေးရန်၊

(င) အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်လိုသည့် စိတ်ဓာတ်များ မွေးမြူပေးရန်၊

(စ) ပညာရပ်များ တတ်မြောက်၍ ကျောင်းဆင်းပြီးသွားပါက မိမိဒေသတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်စေရန်တို့ ဖြစ်ပါသည်။

၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၈ ကျောင်း၌ မူလတန်း ၁၅၇ ဦး၊ အလယ်တန်း ၁၇၆၅ ဦး၊ အထက်တန်း ၇၇၆ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၆၉၈ ဦး ပညာသင်ကြားပေးနိုင်ခဲ့ပါသည်။

အတန်းတင်စာမေးပွဲများ ဖြေဆိုပြီးသည့် နွေရာသီကျောင်းပိတ်ရက်ရှည်ကာလသည်ကား နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၈ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအဖို့ ဘဝရပ်တည်မှုအတွက် အထောက်အကူဖြစ်စေမည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ယူရန်အချိန်ကာလပင် ဖြစ်ပါသည်။

လူငယ်သင်တန်းကျောင်းရှိ တိုင်းရင်းသူလေးများ ဇာထိုး၊ ပန်းထိုး ပညာရပ်များ လက်တွေ့သင်ကြားလေ့ကျင့်နေစဉ်။

သင်ကြားလေ့ကျင့်

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ကြပ်မတ်ကွပ်ကဲမှု၊ သက်ဆိုင်ရာ လူငယ်သင်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမများ၊ နည်းပြများနှင့် ဝန်ထမ်းများ၏ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်မှုဖြင့် နွေရာသီကျောင်းပိတ်ရက်များတွင် လက်သမားအတတ်ပညာသင်တန်း၊ ပန်းရန်အတတ်ပညာသင်တန်း၊ ဆံသပညာသင်တန်းများကို ကျောင်းသားလူငယ်များအတွက် ဖွင့်လှစ်သင်ကြားပေးပြီး ကျောင်းသူများအတွက်လည်း အခြေခံစက်ချုပ်ပညာရပ်နှင့် ဇာထိုး၊ ပန်းထိုးပညာရပ်များအား စေတနာထား လေ့ကျင့်သင်ကြားပေးလျက် ရှိပါသည်။

ထိုသို့ သက်မွေးပညာရပ်များ သင်ကြားလေ့ကျင့်ပေးရာတွင် ကျောင်းသားများ၏ ဝါသနာနှင့် အသက်အရွယ်တို့အပေါ် အခြေခံ၍ ပညာရပ်ခွဲခြား သင်ကြားပေးလျက်ရှိပါသည်။ ကျောင်းသူ အမျိုးသမီးငယ်များရှိသော ပူတာအို၊ မြစ်ကြီးနား-၁၊ ကွမ်းလုံ၊ တန့်ယန်း၊ ကျိုင်းတုံ၊ လွိုင်ကော်၊ မင်းတပ်-၁-၂၊ တီးတိန်၊ လေရှီးမြို့များရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၁၀ကျောင်းမှ ကျောင်းသူကလေးများအား အမျိုးသမီးများ တတ်မြောက်သင့်၊ တတ်မြောက်ထိုက်သော အခြေခံစက်ချုပ်ပညာနှင့် ဇာထိုး၊ ပန်းထိုးပညာရပ်များကို သင်ကြားပေးလျက် ရှိပေသည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ၏ လူနေမှုဘဝမြင့်မားရေး ဆောင်ရွက်ပေးရာတွင် ကျောင်းပညာရေးသာမက ကျောင်းပြင်ပ အသက်မွေးဝမ်းကျောင်း ပညာရပ်များကိုပါ လေ့ကျင့်သင်ကြားပေးရန်ဟူသော နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများအနေဖြင့် ကျောင်းသား၊ ကျောင်းသူလေးများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အသိအမြင်များ ဖွံ့ဖြိုးတိုးတက်စေရေးကို ပြုစုပျိုးထောင် လေ့ကျင့်ပေးလျက်ရှိပါသည်။

အသက်မွေးဝမ်းကျောင်းပညာ

ယခုကဲ့သို့ နွေရာသီအားလပ်ရက်များတွင် အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ သင်တန်းအသီးသီးကို ဖွင့်လှစ်ပို့ချပေးခြင်းဖြင့် ကျောင်းသားလူငယ်များသည် မိမိတို့သင်ကြားခဲ့ရသည့် လက်သမားအတတ်ပညာ၊ ပန်းရန်အတတ်ပညာများ အသုံးပြု၍ ဒေသတွင်း ကိုယ့်ရပ်ကိုယ့်ရွာကိုယ့်ဒေသ၏ တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်သည့် လူငယ်များ ဖြစ်လာပေမည်။ ထို့ပြင် အမျိုးသမီးငယ်ကျောင်းသူကလေးများ အနေဖြင့်လည်း ကျောင်းပညာရေးကို ဆုံးခန်းတိုင် သင်ယူပြီးမြောက်ပါက မိမိတို့သင်ယူခဲ့ရသည့် စက်ချုပ်ပညာ၊ ဇာထိုး၊ ပန်းထိုးပညာရပ်များကို အသုံးပြုကာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်မည် ဖြစ်ပေသည်။

ထိုသို့သော မိမိတို့ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မည့် လူငယ်လေးများ ဖြစ်လာစေရန်အတွက် နွေရာသီအားလပ်ရက် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို နှစ်စဉ်မပျက်မကွက် သင်ကြားပေးခြင်းဖြင့် အတတ်ပညာရပ်ဆိုင်ရာ ရင်းနှီးကျွမ်းဝင်မှုရှိစေခြင်း၊ လုပ်ငန်းသဘောတရားများ ပိုမိုနားလည်လာစေခြင်း စသော အကျိုးကျေးဇူးများ ရရှိစေပါသည်။

နွေရာသီအားလပ်ရက်တွင် ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးသော လက်သမားဘာသာရပ်၊ ပန်းရန်ဘာသာရပ်နှင့် ဆံသပညာရပ်များအတွက် ပြင်ပမှ နည်းပြများ ငှားရမ်းပေးပြီး လက်သမားသုံးကိရိယာများဖြစ်သော လွှ၊တူ၊ ဆောက်အမျိုးမျိုး၊ ရွှေပေါ်၊ ပေကြိုး၊ ကျင်တွယ်များ၊ ပန်းရန်သုံးကိရိယာများဖြစ်သော သန်လျက်၊ဒယ်အိုး၊ဂေါ်ပြား၊ ပေါက်တူး၊ အုတ်ခုတ်တူစသည်များနှင့် ဆံသပညာရပ်သုံး စက်ကတ်ကြေး လျှပ်စစ်ကတ်ကြေး၊ လက်ကတ်ကြေး (အတို၊အရှည်)၊ ဘီး၊ ဓားစသည်များ၊ စက်ချုပ်ပညာရပ်အတွက် အပ်ချုပ်စက်စသော သင်ထောက်ကူပစ္စည်းများကို ပြည့်စုံအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပေသည်။

ထိုသို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူလူငယ်များအား ကျောင်းစာပေပညာရပ်များကို သင်ကြားပေးခြင်းဖြင့်လည်းကောင်း၊ နွေရာသီ အားလပ်ရက်တွင် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းဖြင့်လည်းကောင်း ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူ ဖြစ်စေခဲ့သည်။

သယ်ပိုးထမ်းရွက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းလာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အပေါ်တွင် များစွာတည်မှီလျက်ရှိပေသည်။ ပြည်ထောင်စုတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာတွင် သဘာဝစွမ်းအားများကို ခေတ်မီနည်းပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအားဖြင့် ပေါင်းစပ်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်သာဖြစ်ပါသည်။ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားလူငယ်များ အနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်တည်းဟူသော အမျိုးသားရေးစိတ်ဓာတ်စွမ်းအားကို ထာဝစဉ်မြင့်မားအောင် ကြိုးပမ်းတည်ဆောက်ရင်း ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဦးမောင်ဦး တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ ရဲရေးချုပ်၊ ရဲထောက်ချုပ်နှင့် ပြည်နယ်၊ တိုင်း၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ လေ့ကျင့်ရေး ကျောင်းအုပ်ကြီးများနှင့် ဦးစီးအရာရှိများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီး ဦးမောင်ဦးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်တွင် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဟူ၍ ရှိသည့်အနက် အုပ်ချုပ်ရေးတာဝန်ကို ပြည်ထဲရေးဝန်ကြီးဌာန အောက်၌ရှိသည့် ဌာနကြီး ငါးခုလုံးက ပြည်သူပြည်သားအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် တရားဥပဒေနှင့်အညီ နေထိုင်နိုင်ရေးအတွက် တာဝန်ယူ ဆောင်ရွက်နေရသည်ဖြစ်ကြောင်း။

ယနေ့အခြေအနေတွင် လုပ်ငန်းအသိ၊ တာဝန်အသိ၊ ဥပဒေအသိနှင့်ယှဉ်၍ လုပ်ငန်းတာဝန်များကို စေတနာအပြည့်ဖြင့် လုပ်ကိုင်ကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ အဂတိတရားကင်းအောင် လောဘ၊ ဒေါသ၊ မောဟကို ထိန်းသိမ်းပြီး မိမိတို့ကိုယ်တိုင်နှင့် မိမိတို့တပ်ဖွဲ့ဝင် မိသားစုများကိုပါ ထိန်းသိမ်းကြပ်မတ်ပြီး ပျော်ပျော်ရွှင်ရွှင်၊ ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း၊ ပေါင်းပေါင်းစည်းစည်း လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။

ဆက်လက်ကျင်းပ

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မိုးရာသီသစ်ပင်စိုက်ပျိုး

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊ မြန်မာနိုင်ငံစာစစ်အဖွဲ့တို့၏ ၂၀၁၀ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့မျက်နှာစာ၌ ကျင်းပစဉ်။
(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ၂၀၁၀ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၄

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့တို့၏ ၂၀၁၀ ခုနှစ် ပထမ အကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးဌာနရုံးရှေ့ မျက်နှာစာ၌ ကျင်းပ သည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမြင့်နှင့် မြန်မာစာအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းနိုင်တို့က ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး အရာထမ်း အမှုထမ်းများ၏ အရိပ်ရပင်၊ လေကာပင်နှင့် နှစ်ရှည်ပင်များ စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ပညာရေးဝန်ကြီးဌာန နေပြည်တော်ရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊ မြန်မာနိုင်ငံစာစစ်အဖွဲ့တို့၏ ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ မဟော်ဂနီ၊ ကျွန်း၊ ပျဉ်းကတိုး၊ စိန်ပန်း၊ ရင်းမာ၊ မန်ကျည်း၊ မဲဇလီ စုစုပေါင်း အပင် ၁၁၇၀ စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

သထုံ ဇူလိုင် ၄

သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် သစ်တောဦးစီးဌာနတို့မှ ဦးဆောင်၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို သထုံ-ဘားအံ အဝေးပြေးလမ်းဘေး နယ်မြေခံတပ်ရင်း ကြာပန်း (အမက) ကျောင်းဝင်းအတွင်း၌ ဇွန် ၂၆ ရက် နံနက် ၇ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးသန်းဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာနေ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သတ်မှတ်ထားသော နေရာများတွင် စတင်စိုက်ပျိုးကြရာ မြို့နယ် ဥက္ကဋ္ဌ ဦးအေးနိုင်က ရတနာတန်းဝင် ကျွန်းပင်ကိုလည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီလွင်က မဟော်ဂနီပင်ကိုလည်းကောင်း စတင် စိုက်ပျိုးပေးကြသည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ စိန်ပန်း စသည့်ပျိုးပင်ပေါင်း ၉၀၀ကို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား တက်ရောက်လာကြသူ အသီးသီးတို့က စိုက်ပျိုးပေးခဲ့ကြသည်။

(ခရိုင်ပြန်/ဆက်)

ရမည်းသင်းခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရမည်းသင်း)မှ ခရိုင်ဦးစီးမှူး ဒေါ်မြတ်သက်လွင် ခေါင်းဆောင်သောအဖွဲ့နှင့် ခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ် တရားရေး၊ မြို့နယ်မထသအဖွဲ့တို့ပူးပေါင်း၍ ရမည်းသင်းမြို့အဝင် ယုဇနဂိတ် အနီး၌ ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် ယာဉ်ကြွခိုင်မှု ရှိ၊ မရှိ၊ ရောင်ပြန်ပြားတပ်ဆင်ထားခြင်း ရှိ၊ မရှိနှင့် သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ၊ မရှိတို့ကို ရှောင်တခင်စစ်ဆေးစဉ်။
(သတင်းစဉ်)

ဥပဒေကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

၁၉၇၂-၇၇ ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဥပဒေကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံအပန်းဖြေခရီးစဉ်အား ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ကျင်းပရန် စီစဉ်ထားပါသဖြင့် လှူဒါန်းငွေများကို ဇေယျာမောင်(မိတ္ထီလာ) ဖုန်း-၀၉-၂၂၀၀၂၁၁၊ ထူးထူးငွေ ဖုန်း-၀၉-၅၁၂၁၅၂၂၊ နွယ်နွယ်အောင် (မော်လမြိုင်) ဖုန်း- ၀၉-၅၃၂၂၂၃၅၊ သန်းဝင်း (နေပြည်တော်) ဖုန်း-၀၆၇-၄၀၄၁၅၅၊ သက်ထွန်း ဖုန်း-၀၉-၅၀၃၁၂၃၄၊ တက်ဝင်းမြိုင် ဖုန်း-၀၉-၅၁၉၅၅၇၆၊တင်မောင်ဝင်း (မန္တလေး) ဖုန်း- ၀၉-၅၁၇၁၁၃၈၊ မေသီလင်း (နေပြည်တော်) ဖုန်း- ၀၆၇-၄၀၄၁၀၇၊ စမ်းစမ်းအေး (မန္တလေး) ဖုန်း- ၀၉-၂၀၀၂၈၉၁၊ နွဲ့နွဲ့အေး(တောင်ငူ) ဖုန်း-၀၅၄-၂၃၆၈၂၊ ၀၅၄-၂၃၃၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ကျင်းပမည့် နေ့ရက်၊ အချိန်နှင့် နေရာကို ထပ်မံ ကြေညာမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ပေါင်းမြက်ရှင်းလင်း

မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် လမ်းဘေး ဝဲ၊ယာ ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ပေါင်းမြက်ရှင်းလင်းခြင်းကိုဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်မိုးသိန်း ကြီးကြပ် ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ပြည်တွင်း ပြည်ပ ဟိုတယ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်းသစ် ဖွင့်လှစ်မည်

နေပြည်တော် ဇူလိုင် ၄

ပြည်တွင်း ပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီး သင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများအတွက် ရည်ရွယ်၍ SOP Course for Hotel & Cruise Staff သင်တန်း အပတ်စဉ်အသစ်ကို ဇူလိုင် ဒုတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလအတွင်း Hotelier Life တွင် အလုပ်အကိုင် အခွင့်အလမ်းပေါများသော F&B Service (Waiter/Waitress)၊ Housekeeping (Room Attendant)နှင့် The Art of Napkin Folding စသည်တို့ကို Institute of Hospitality (UK)နှင့် Institute of AH & LA(USA) မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ International Five Star Hotel များ၌ တာဝန်ထမ်းဆောင်ခဲ့သူများ ကိုယ်တိုင်တတ်မြောက် ကျွမ်းကျင်အောင် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည် ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy ၌ ဇူလိုင်လ ဒုတိယပတ်အတွင်းတွင် ဖွင့်လှစ် သင်ကြားပေးမည် ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း (၁၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်လှမင်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနား တက်ရောက်

နေပြည်တော် ဇူလိုင် ၄

ပဲခူးတိုင်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ဆုပေးပွဲနှင့် ပြပွဲအခမ်းအနားကို ဇွန် ၂၆ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှပေးပို့သည့် သဝဏ်လွှာကို ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူးက ဖတ်ကြားတင်ပြပြီး တာဝန်ရှိသူများက မူးယစ်ဆေးဝါး ပပျောက်ရေးနှင့်စပ်လျဉ်း၍ အသီးသီးဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူတို့က ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် ခန်းမအတွင်း ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါး ပညာပေး ပြခန်းအား လှည့်လည်ကြည့်ရှု အားပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကဝမြို့ မြို့နယ်ခန်းမတွင် ကျင်းပသော ဒေသခံ တောင်သူများအား မိုးစပါးအတွက် မျိုး၊ မြေသြဇာနှင့် စိုက်ပျိုးစရိတ်ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ တိုင်း၊ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

လက်ခံရယူ

ထို့နောက် တာဝန်ရှိသူများက စပါးအထွက်နှုန်းတိုးတက်ရေးဆိုင်ရာများ၊ မျိုး၊ မြေသြဇာနှင့် စိုက်ပျိုးစရိတ်ငွေ ထုတ်ချေးပေးခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဒေသခံတောင်သူများထံ စိုက်ပျိုးစရိတ်ငွေများ ပေးအပ်ရာ သက်ဆိုင်ရာ တောင်သူ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် တက်ရောက်လာကြသူများအား ရင်းရင်း နှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၀ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

IEMS Company Limited သည် အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၀ (HOUSING & LIVING 2010) ကို ဇူလိုင် ၂၄ ရက်မှ ၂၇ ရက် အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြပွဲတွင် Shine Construction Co., Ltd. မှ အိမ်ရာပုံစံအရောင်း ပြခန်းများ၊ Champion Construction Material နှင့် Tiger Supply တို့မှ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ SOSUCO Tile မှ COTTO တံဆိပ် ကြွေပြား ကျောက်ပြားများ၊ SANFOCO, Myanmar May Kaung, Scene Living, Universal Light, Unitek, Ocean Glory, Gold Coil နှင့် Gold Home Family တို့မှ ခေတ်မီဆန်းသစ်သော Luxury ပရိဘောဂအမျိုးမျိုး၊ Star Tek မှ ပရိဘောဂအရောင်တင်ဆေးအမျိုးမျိုး၊ Southern Ocean, Modern Tech (Deco Land) နှင့် Aluminium Empire တို့မှ Aluminium Composite Panel များနှင့် ကြမ်းခင်းအမျိုးမျိုး၊ Tharaphee , Maruart နှင့် Home Distribution Group တို့မှ Korea Liminate Floor နှင့် Materials ပစ္စည်းအမျိုးမျိုး၊ Royal Tun မှ Sky Digital တံဆိပ် အီလက်ထရွန်နစ် ပစ္စည်းအမျိုးမျိုး၊ SMART Electronic Dictionary မှ အီလက်ထရွန်နစ် အဘိဓာန်များ၊ King Empire, KMD နှင့် MRS တို့မှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ SP Group မှ Air Pure တံဆိပ်အဆင့်မြင့် Automatic Air Fresher များ၊ Golden Rose Industry မှ Modern Steel Structure များ၊ Future Step မှ Midea အမှတ်တံဆိပ် Induction cooker များ၊ Three Friends Trading မှ အဆင့်မြင့် နောက်ဆုံးပေါ် Induction cooker နှင့် ခြင်ဖမ်းစက်များ၊ Life Line Co., Ltd. မှ ဒီဂျစ်တယ် သွေးပေါင်ချိန်စက်များ၊ The One (PE Tank) မှ ကိုရီးယားနိုင်ငံထုတ် ရေတိုင်ကီများ၊ Golden Lion Wire မှ အဆင့်မြင့် Cable ကြိုးနှင့် Online UPS များ၊ I.E.M မှ Khooler မီးစက်များနှင့် LiOA တံဆိပ် အီလက်ထရွန်နစ် ပစ္စည်းများ၊ Ever Seiko မှ Denyo တံဆိပ်မီးစက်များနှင့် Stieble Eltron အမှတ်တံဆိပ် အဆင့်မြင့် ရေပူရေအေးစက်များ၊ Myat Kan Moe Enterprise Ltd. မှ T & J, CLIPSAL တံဆိပ် switch နှင့် socket / Merlin Gerin တံဆိပ် Breaker များ၊ Telemecanique တံဆိပ် contactor & Over load Relay များ၊ Rinnai မှ နောက်ဆုံးပေါ် Gas Stove များ၊ Yangon City Guide မှ လမ်းညွှန်မြေပုံစာအုပ်များ၊ MNZ တံဆိပ် နောက်ဆုံးပေါ် ငွေရေစက်များ၊ Linpo မှ အုတ်ကြွပ်အမိုးပြားများကို ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲတွင် ဖျော်ဖြေရေး အစီအစဉ်များအပြင် နေ့စဉ် အဝတ်လျှော်စက် ကံစမ်းမဲ ဖွင့်လှစ်ပေးမည်ဖြစ်ကာ အသေးစိတ် သိရှိလိုပါက ဖုန်း- ၇၃၀၄၃၅၈၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိတ္ထီလာမြို့ ဘိုးဘွားရိပ်သာ နှစ်(၃၀)ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဇွန် ၁၉ ရက်က ရိပ်သာဓမ္မာရုံ၌ကျင်းပရာ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအုန်းကျော်နှင့် တာဝန်ရှိသူများက ဘိုးဘွားရိပ်သာရှိ ဘိုးဘွား ၃၅ ဦးတို့အား ကန်တော့ငွေနှင့် ဝတ္ထုပစ္စည်းများပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အထက(၁)ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်း အဖွင့်အမှာစကား ပြောကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

ယာဉ်မတော်တဆမှု လျှော့နည်းရေးအတွက် ဟောပြော

တောင်ကြီး ဇူလိုင် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီသည် လမ်းအသုံးပြုသူများ အားလုံး ယာဉ်မတော်တဆဖြစ်မှု လျှော့နည်းကျဆင်းရေးအတွက် ဇွန် ၁၈ ရက်တွင် တောင်ကြီးမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ထိန်းသိမ်းမှု ကော်မတီရုံးခန်းမ၌ ဟောပြောပွဲ ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဦးသန်းမြင့်က ဆောင်ရွက်၍ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးစိန်သောင်းက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) ယာဉ်ထိန်းဌာနမှ ဒုတိယရဲမှူး တင်စိုးရှိန်က စည်းကမ်းပေါ့ဆမှုကြောင့် ယာဉ်မတော်တဆ ဖြစ်ပွားရသော အကြောင်းရင်းများကို လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးမှူး(၂) ဦးဇော်ကိုကိုဖေက ညွှန်ကြားချက်များနှင့် လမ်းပေါ်ဆေးရေးအမှတ်အသားများ အကြောင်းကို လည်းကောင်း၊ ရဲအုပ်မြင့်အောင်က ယာဉ်တိုက်ခိုက် တိမ်းမှောက်မှုများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ရှင်းလင်း ဟောပြောကြသည်။ **(ဝဲပုံ)** (ကညန)

ကွန်ပျူတာဂျာနယ် ဇူလိုင်လထုတ်ထွက်ရှိ

ရန်ကုန် ဇူလိုင် ၄

အခြေခံပညာ အထက်တန်းအောင် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘတိုင်းအတွက် ဘယ်လိုကွန်ပျူတာဘွဲ့မျိုးကို ဘယ်လိုကျောင်းတွေတက်ပြီး ရယူနိုင်မလဲ အထူးဆောင်းပါး အပါအဝင် ကွန်ပျူတာဂျာနယ် ဇူလိုင်လထုတ်ကို စတင်ဖြန့်ဖြူးထုတ်ဝေလိုက်ပြီ ဖြစ်သည်။

ယခုလထုတ် ကွန်ပျူတာဂျာနယ်တွင် ကွန်ပျူတာဘွဲ့ယူရန် ကြိုးစားနေသည့်သူများ၊ ကွန်ပျူတာဘွဲ့ယူမည့်သူများနှင့် ကွန်ပျူတာဘွဲ့ယူပြီး အသက်မွေးဝမ်းကျောင်းလိုသည့် သူများအတွက် ကွန်ပျူတာဘွဲ့ တစ်ခုတည်းရရုံဖြင့် အသက်မွေးဝမ်းကျောင်းအတွက် မလုံလောက်တော့သည့် အကြောင်းကို အသေးစိတ် ဖော်ပြထားသည့်အပြင် ကွန်ပျူတာဘွဲ့တစ်ခု ရရှိရေးအတွက် ပြည်တွင်းပြည်ပ ကွန်ပျူတာဘွဲ့များ၊ ဒီပလိုမာများ တက်ရောက်နိုင်သည့် ဘွဲ့၊ ဒီပလိုမာများအကြောင်းနှင့် သင်တန်းနှစ်အလိုက် ကုန်ကျမည့် ကုန်ကျစရိတ်များကို အသေးစိတ် တွက်ချက်ဖော်ပြပေးထားသည့် ဆောင်းပါးများ ပါဝင်သည်။

ထို့ပြင် ကွန်ပျူတာကို အသုံးပြုနေသော အစိုးရအဖွဲ့ရုံးများ၊ ပုဂ္ဂလိက ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ အုပ်ချုပ်သူများ၊ မန်နေဂျာများအတွက် မိမိတို့၏ ကွန်ပျူတာနှင့် အိုင်တီဝန်ထမ်းများကို လက်တွေ့ကျကျ စီမံခန့်ခွဲနိုင်စေမည့် အိုင်တီ စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်းပါးများကိုလည်း စတင် ဖော်ပြပေးထားသည်။ ကွန်ပျူတာနှင့် အိုင်တီဆိုင်ရာ အဖွဲ့အစည်းများထဲတွင် အောင်မြင်နေသော ကွန်ပျူတာပညာရှင်လည်းဖြစ်၊ ၂၀၁၀ ခုနှစ် ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌသစ်လည်းဖြစ်သော Bizsoft Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးရဲရင့်ဝင်း၏ ဘဝနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အတွေးအမြင်များကိုလည်း တွေ့ဆုံမေးမြန်း ဖော်ပြပေးထားသည်။

ကွန်ပျူတာဂျာနယ်ကို ရန်ကုန်၊ မန္တလေးမြို့များရှိ စာအုပ်ဆိုင်တိုင်းနှင့် စူပါမားကတ်များတွင် ဝယ်ယူရရှိနိုင်ပြီး တစ်ဦးချင်းအိမ်တိုင်ရာရောက် အရောက်ပေးပို့လျက်ရှိရာ အိမ်တိုင်ရာရောက် မှာကြားလိုသူများအနေဖြင့် Novel Light Express ဖုန်း- ၃၉၁၁၈၆ နှင့် ၀၉-၅၀၈၀၈၅၀ တို့သို့ ဆက်သွယ်မှာကြားနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၇-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၀၅ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၁၅ ၈။ "ကျိုင်းတုံလေယာဉ်ပြေးလမ်း"
- ၈:၂၅ ၉။ အဆိုပြိုင်ပွဲ
- ၈:၃၅ ၁၀။ "စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ်"
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အကပဒေသာ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်(မြန်မာ့ အသံခေတ်ပေါ် တေးဂီတ အဖွဲ့ဖျော်ဖြေခန်း
- ၄:၂၅ ၄။ "ငါးရစ်မျိုးငါး တို့မစား"
- ၄:၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၇။ တေးဂီတအစီအစဉ်
- ၅:၀၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅:၂၀ ၉။ ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၁၁)
- ၅:၃၀ ၁၀။ "မြန်မာတေးသံရှင် ရွေးချယ်ပွဲ"
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ဆိုကြမယ် ပျော်ကြမယ်
- ၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တို့အတူရှိစဉ်တုန်းက" (အပိုင်း-၃၂)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ပြည်ထောင်စုခရီးရှည် (ရာဇာဝင်းတင့်၊ သက်မှူးဟေသီ၊ တေးရေး-မောင်မောင်ဇော်ဝင်း)
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယပိုင်း) (အပိုင်း-၆)**
- ၂၀။ **သုခုမရင်ပြင်**
- ၂၁။ အစီအစဉ်ပြီး၏။

အိမ် ရောင်း မည်
105' x 85'

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာ့လက်ရွေးစင်အသင်းက စင်ကာပူလူငယ်အသင်းကိုနိုင်

ရန်ကုန် ဇူလိုင် ၄

မြန်မာနှင့် စင်ကာပူ ခြေစမ်းပွဲ ဒုတိယပွဲစဉ်အဖြစ်မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလူငယ်အသင်းတို့ ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

မြန်မာ့လက်ရွေးစင်အသင်း - နှစ်ဂိုး
(မျိုးမင်းထွန်း)
စင်ကာပူလူငယ်အသင်း - တစ်ဂိုး
(မိုဟာမက်ခါလီလီ)

စင်ကာပူနှင့်ခြေစမ်းပွဲမတိုင်မီ မြန်မာ ယူ-၂၃ အသင်းနှင့် ခြေစမ်းပွဲကစားစဉ်ကထက် မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစွမ်းပိုင်းပိုကောင်းခဲ့သလို တစ်ဦးချင်းစွမ်းဆောင်မှု အပိုင်း၌လည်း သာလွန်ခဲ့၍ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မင်းသူ၊ ဇော်လင်းထွန်း-၂၊ အောင်ကျော်မိုး၊ လွင်ဦး၊ ရန်ပိုင်တို့လို ဝါရင့်ကစားသမားများကို အခြေခံပြီး လူငယ်ကစားသမားများဖြစ်သည့် ယူ-၂၃အသင်းမှ ကျော်ကိုကို၊ ရာဇာဝင်းသိန်းတို့ဖြင့် ပွဲထွက်လာခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်း၏ ကစားပုံမှာ ပွဲချိန်ပြည့်အကောင်းဆုံးပုံစံမရခဲ့သော်လည်း ဂိုးသွင်းခွင့်ရရှိအောင် စွမ်းဆောင်ရာ၌ ကောင်းမွန်ခဲ့၍ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ ပွဲစကတည်းက စင်ကာပူလူငယ်ဘက်ကို ဖိကစားနိုင်ခဲ့ပြီး ပွဲအစ သုံးမိနစ်တွင် မျိုးမင်းထွန်းက ဖွင့်ဆော်ဦးဂိုး စတင်သွင်းယူခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ ယင်းနောက်ပိုင်းတွင် ဖိကစားနိုင်ခဲ့သော်လည်း ပွဲအစပိုင်းမှာလောက် တိုက်စစ်ကစားပုံမကောင်း၍ မိနစ် ၇၀ကျမှ ဒုတိယဂိုးထပ်မံရရှိခဲ့သည်။ အဆိုပါ ဒုတိယဂိုးကို တိုက်စစ်မှူးရန်ပိုင်ပေးရာမှတစ်ဆင့် မျိုးမင်းထွန်းကပင် သွင်းယူခဲ့ခြင်းဖြစ်သည်။ စင်ကာပူလူငယ်အသင်း၏ ကစားပုံမှာ ပထမနေ့ပွဲလောက်ကောင်းမွန်ခြင်းမရှိဘဲ ဒုတိယပိုင်းအစနှင့် ပွဲပြီးခါနီးကျမှသာ မြန်မာအသင်းဘက်ကို ထိုးဖောက်တိုက်စစ်ဆင်နိုင်ခဲ့ပြီး စင်ကာပူအသင်းမှာ ၎င်းတို့အားသာသည့် တည်ကန်ဘော (Set-Piece)များနှင့် ဂိုးရရှိရန်ကြိုးစားသွားခဲ့သည်။ စင်ကာပူလူငယ်အသင်းအတွက် တစ်လုံးတည်းသောချေပဂိုးကို နာကျင်အချိန်ပိုတွင် မိုဟာမက်ခါလီလီက သွင်းယူပေးခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းမှာ ဂိုး-ညီညီလွင် (ကျော်ဇင်ထက်)၊ နောက်တန်း-မင်းသူ(ခင်မောင်ထွန်း)၊ ဇော်လင်းထွန်း-၂၊ ကျော်ခိုင်ဝင်း၊ ခင်မောင်လွင်၊ အလယ်တန်း-အောင်ကျော်မိုး (ဝင်းမင်းထွဋ်)၊ လွင်ဦး(အေးဆန်း)၊ ကျော်ကိုကို (ကျော်သူရ)၊ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်း၊ ရှေ့တန်း -ရန်ပိုင်(နိုင်ဦးလွင်)တို့ ပါဝင်ကစားခဲ့ကြသည်။ (ကြေးမုံ)

မြန်မာအသင်းအတွက် နှစ်ဂိုးသွင်းယူပေးခဲ့သူ မျိုးမင်းထွန်း စင်ကာပူနောက်တန်းသို့ ထိုးဖောက်စဉ်။ (ကြေးမုံ)

ပါရာဂွေးကိုနိုင်သည့်စပိန် နှစ်(၆၀)အတွင်း ပထမဆုံး ဆီမီးတက်

ဂျိုဟန်နက်စဘတ် ဇူလိုင် ၄

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ၏နောက်ဆုံးပွဲစဉ်အဖြစ် တနင်္ဂနွေနေ့ နံနက်ပိုင်းက ပါရာဂွေးနှင့် စပိန်တို့ယှဉ်ပြိုင်ကစားကြရာ စပိန်က ဒေးဗစ်ဗီလာ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိသွားကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။

ယခုပွဲတွင် စပိန်အသင်း၌ ကာဆီးလက်စ်၊ ကယ်ဒီဗီလာ၊ ပီကေး၊ ပူယိုး၊ ရာမို့စ်၊ အလွန်ဆို၊ ဘတ်စ်ကွက်စ်၊ ဇာဗီ၊ အင်နီယေစတာ၊ ဖာနန်ဒိုတောရက်စ်နှင့် ဒေးဗစ်ဗီလာတို့ ပထမပွဲထွက်စာရင်းတွင် ပါဝင်လာခဲ့သည်။ စပိန်အသင်းသည် ပါရာဂွေးအပေါ်ဘောလုံးပိုင်ဆိုင်မှု ၆၀ ရာခိုင်နှုန်းအထိ အသာရခဲ့သော်လည်း ခက်ခက်ခဲခဲကစားခဲ့ရသည်။

ပွဲချိန် ၅၉ မိနစ်တွင် ပါရာဂွေး ပယ်နယ်တီကန်ခွင့်ရခဲ့သည်ကို ကာဒိုဇို ကန်သွင်းရာ စပိန်ဂိုးသမား ကာဆီးလက်စ်လက်ရဖမ်းမိနိုင်ခဲ့သည်။ ချက်ချင်းဆိုသလိုပင် ပွဲချိန် ၆၂ မိနစ်တွင် စပိန်အသင်းပယ်နယ်တီကန်ခွင့် ပြန်လည်ရရှိခဲ့သည်ကို ကွင်းလယ်ကစားသမား အလွန်ဆို ကန်သွင်းရာ ပါရာဂွေး ဂိုးသမားဂျက်စတိုဗီလာကာကွယ်နိုင်ခဲ့သည်။

ယင်းနောက်ပိုင်းတွင် စပိန်ကသာ ဆက်လက်ဖိအားပေးတိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၈၃ မိနစ်တွင် ပက်ဒရိုကန်သွင်းသည့် ဘောလုံး ဂိုးတိုင်နှင့်ထိပြီး ပြန်ထွက်လာသည်ကို ဒေးဗစ်ဗီလာက ဂိုးသမား၏ ဘယ်ဘက်ဂိုးထဲသို့ကန်သွင်းပြီး စပိန်အတွက် လေးပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့သည်။

သို့အတွက်ကြောင့် ဒေးဗစ်ဗီလာ၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် စပိန်အသင်းသည် ၁၉၅၀ နောက်ပိုင်း ပထမဦးဆုံးအကြိမ် ဆီမီးဖိုင်နယ်သို့ တက်ခွင့်ရခဲ့ပြီး ဆီမီးဖိုင်နယ်တွင် နာမည်ကြီး ဂျာမနီနှင့် ဆုံတွေ့ရမည်ဖြစ်သည်။

စပိန်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒေးဗစ်ဗီလာ သွင်းယူစဉ်။

ဝင်ဘယ်ဒန်တင်းနစ်ချန်ပီယံဆုနှင့် ဆရီနာဝီလျံ။

ဝင်ဘယ်ဒန်တင်းနစ်ချန်ပီယံဆု ဆရီနာဝီလျံ ဆွတ်ခူး

လန်ဒန် ဇူလိုင် ၄

ယမန်နေ့က ကျင်းပခဲ့သည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲတွင် ဆရီနာဝီလျံက ဗီရာဇိုနာရာဗာကို ၆-၃၊၆-၂ဖြင့် အနိုင်ရကာ ဂရင်းဆလင်းချန်ပီယံဆုကို (၁၃)ကြိမ်မြောက် ကိုင်မြှောက်နိုင်ခဲ့ပြီဖြစ်သည်။

ဆရီနာဝီလျံသည် ကွာတားဖိုင်နယ်တွင် ပီရွန်ကိုဗာကို ၆-၂၊၆-၃နှင့် ဆီမီးဖိုင်နယ်တွင် ကဗီတိုဗာကို ၇-၆၊ ၆-၂ တို့ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲအဖြစ် ရာဖေးနာဒယ်နှင့် ဘာဒက်ချ်တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ***အင်တာနက်။***

ဘရာဇီးနည်းပြဒွန်ဂါ ရာထူးမှနုတ်ထွက်မည်

ရီယိုဒီဂျနေရိုး ဇူလိုင် ၄

ဘရာဇီးအသင်းကို ၂၀၀၆ ခုနှစ် ဩဂုတ်လမှ စတင်ကိုင်တွယ်ခဲ့သည့် နည်းပြဒွန်ဂါသည် နယ်သာလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ကွာတားဖိုင်နယ်ပွဲစဉ်အပြီးတွင် ရာထူးမှနုတ်ထွက်တော့မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘရာဇီးအသင်းသည် ယင်းပွဲစဉ်၌ ၇၃ မိနစ်တွင် မယ်လိုအထုတ်ခံရခြင်းကြောင့် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။

အင်တာနက်။

ဝင်းတင်(ကြေးမုံ)

ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ မကျီးကန်ကျေးရွာ သရက်သုံးပင် အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း ဇွန် ၂၃ရက်က ခြင်ဆေးဖျန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတိုးအောင်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်အောင်သန့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

သက်မွေးပညာလေ့ကျင့်သင်ကြား တိုင်းရင်းသားလူငယ်များ(သို့မဟုတ်) စာပေသိပ္ပံနှင့် သက်မွေးပညာများကိုပါ သင်ကြားလေ့ကျင့်ပေးနေသော နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ

နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေး ရည်မှန်း၍ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြုစုပျိုးထောင်လေ့ကျင့်ပေးနိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ကွပ်ကဲမှုအောက်၌ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁

လူငယ်သင်တန်းကျောင်းရှိ ကျောင်းသားများ ပန်းရန် အတတ်ပညာများ လက်တွေ့ဆောင်ရွက်နေစဉ်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ တင်အောင်အေး (ပညာ/လေ့ကျင့်)

အဆင်အပြင် တင်ထွန်းတာ

အင်တာနက် နက္ခတ္တသိပ္ပံသတင်း

ကမ္ဘာ့အကြီးဆုံး အဝေးကြည့်မှန်ပြောင်း တောင်ဝင်ရိုးစွန်းဒေသ၌ တည်ဆောက်လျက်ရှိ

ဘာသာပြန် သတင်းလုလင်

မော်စကို ဇူလိုင် ၄

အန္တာတိကတိုက် (တောင်ဝင်ရိုးစွန်းဒေသ)၌ ကမ္ဘာ့အကြီးဆုံး အဝေးကြည့်မှန်ပြောင်း တည်ဆောက်ရေးလုပ်ငန်းသည် ၂၀၁၁ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီက ဇူလိုင် ၃ ရက်တွင် ပြောကြားသည်။

အဆိုပါအဝေးကြည့်မှန်ပြောင်းကို ဒေါ်လာ ၂၇၁ သန်း အကုန်အကျခံကာ တည်ဆောက်လျက်ရှိသည်။ အဝေးကြည့်မှန်ပြောင်းကို ဂြိုဟ်နှင့်နက္ခတ်တာရာများ ရှာဖွေကြည့်ရှုနိုင်ရန် တည်ဆောက်ခြင်းမဟုတ်ဘဲ နက္ခတ္တ ရူပဗေဒအရင်းအမြစ်များမှ ပေါ်ထွက်နေသော နျူထရီနို (Neutrinos)များကို **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❍

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၄-၇-၂၀၁၀)

နေပြည်တော်(ရေဆင်း)	သုည	ဒသမ	၇၉	လက်မ
မချမ်းဘော	၅	ဒသမ	၀၄	လက်မ
ကိုကိုးကျွန်း	၂	ဒသမ	၃၂	လက်မ
ကသာ	၁	ဒသမ	၉၇	လက်မ
ဖြူး	၁	ဒသမ	၈၉	လက်မ